ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်၊ ကြာသပတေးနေ့၊ (14-8-2008) (၅၇၇၀)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဆီဘတ်စ်တီရာနပ်(စ်) ဆူမာဆိုနို နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဩဂုတ် ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော မစ္စတာ ဆီဘတ်စ်တီရာနပ်(စ်)ဆူမာဆိုနိုသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့လာရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)



နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လက်ခံတွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆီဘတ်စ်တီရာနပ်(စ်) ဆူမာဆိုနိုအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ကြေးမုံ The Mirror

၁၄-၈-၂၀၀၈
(ကြာသပတေးနေ့)

လူငယ်လူရွယ်များ ပညာစာရိတ္တမြင့်မားအောင် မိဘ၊ ဆရာ၊ ကျောင်းသား ပေါင်းစည်းစွမ်းဆောင်

နိုင်ငံတော်အစိုးရက နိုင်ငံ၏အနာဂတ်ကို မျှော်မှန်းပြီး အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းလုပ်ငန်းစဉ်များကို ဖော်ဆောင်လျက်ရှိရာ အခြေခံအဆောက်အအုံများ၊ ပညာရေးပတ်ဝန်းကျင်ကောင်းများကို ဖန်တီး တည်ဆောက်ပေးလျက်ရှိသည်။

ယနေ့ကာလကဲ့သို့ ပညာခေတ်တွင် ပညာရေးကဏ္ဍမျှော်မှန်းချက်သည် စာသင်ခန်းများအတွင်း၌သာ ကန့်သတ်တည်ရှိမနေတော့ဘဲ လူ့ဘောင်အဖွဲ့အစည်း တစ်ရပ်လုံးနှင့် ဆက်သွယ်မှုရှိနေသည်။ ထိုမျှသာမက နိုင်ငံသားအားလုံး အခြေခံ စာတတ်မြောက်ရေး၊ တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး၊ အသက်အရွယ်နှင့် ပညာအဆင့်အတန်းမရွေး စဉ်ဆက်မပြတ် ပညာဆည်းပူးနိုင်ရေးတို့အထိ ကျယ်ပြန့်နက်ရှိုင်းစွာ အကျုံးဝင်လာလျက်ရှိသည်။

ပညာရေးကဏ္ဍအနေဖြင့် ပညာရေးမြှင့်တင်မှု အစီအစဉ်များချမှတ်၍ ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များကို နိုင်ငံ၏အင်အား၊ နိုင်ငံ၏ အဖိုးတန်ရတနာများ ဖြစ်လာစေရေး ပြုစုပျိုးထောင်ပေးနေပြီဖြစ်သည်။ အဆိုပါ အစီအစဉ်များတွင် တပည့်များ၏ ထိုးထွင်းသိမြင်၊ တီထွင်ကြံဆဖန်တီးမှုတို့ကို မြှင့်တင်ပြီး ဘက်စုံထူးချွန်ထက်မြက်စေမည့် သင်ကြားမှုများ ပါဝင်သည်။

တစ်ချိန်တည်းတွင် ဥပဒေစည်းကမ်းနှင့် လူမှုကျင့်ဝတ်တို့ကို လေးစားလိုက်နာတတ်သည့် စာရိတ္တမြင့်မားသော လူငယ်များ၊ မျိုးချစ်စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ် ရင့်သန်ခိုင်မာသူများ ဖြစ်လာစေရန် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

ပညာရေးမြှင့်တင်မှုအစီအစဉ်များ အောင်မြင်ဖြစ်ထွန်းရေးသည် ဆရာ၊ ကျောင်းသား၊ ကျောင်းသူနှင့်မိဘပြည်သူတို့၏ ပူးပေါင်းစွမ်းဆောင်နိုင်မှုအပေါ်တွင် တည်မှီနေသည်ကို တွေ့ရသည်။ တပည့်များနှင့် အစဉ်ထိတွေ့ပညာသင်ကြားပေးနေသည့် ဆရာ၊ ဆရာမများက တပည့်များ၏ ပင်ကိုစွမ်းရည်ကို ဖော်ထုတ်ပေးပြီး စာပေပညာ၊ အသိအမြင်၊ အတွေးအခေါ်များ ပြည့်စုံလာစေရန် သင်ကြားပို့ချပေးလျက်ရှိသည်။

ယနေ့အချိန်အခါတွင် လူငယ်များ ပညာသင်ကြားရေး၌ မိဘပြည်သူများနှင့်လူမှုရေးအဖွဲ့အစည်းများက မေတ္တာ၊ စေတနာဖြင့် ပံ့ပိုးဖြည့်ဆည်းပေးနေသည်။ အတတ်ပညာရှင် ဆရာ၊ ဆရာမများက အားကြိုးမာန်တက် သင်ကြားပို့ချပေးလျက်ရှိရာ ကျောင်းသား၊ ကျောင်းသူများကလည်း လုံ့လဝီရိယ စိုက်ထုတ်၍ ကြိုးစားသင်ယူနေကြသည်။ ယင်းသို့ မိဘ၊ ဆရာ၊ ကျောင်းသား၊ ကျောင်းသူ စွမ်းအားစုတို့၏ ပေါင်းစည်းစွမ်းဆောင်မှုဖြင့် ပညာစာရိတ္တ ထူးချွန်မြင့်မားသော လူရည်ချွန် လူရည်မွန်များ ပိုမိုဖြစ်ထွန်းပေါ်ပေါက်လာမည်ဖြစ်ပါသည်။ ။

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၇-လမ်းနေ ဒေါ်ကျင်ဖုံ၏ (၇၉)နှစ်မြောက်မွေးနေ့အလှူအဖြစ် မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိပိဋကရွှေရတုငွေရတု ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၃၁၀၀၀၀ ကို အနုနာယက ဆရာတော်ထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ-နိ (ရန်ကုန်ဌာန) ဘဏ္ဍာတော်ထိန်း ဦးသိန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဆရာတော် ဘဒ္ဒန္တဥက္ကံသအား ရည်စူး၍ ကျန်ရစ်သူမိသားစုနှင့် တပည့်များက ဆွမ်းပဒေသာပင် ငွေကျပ် ၁၅၀၀၀၀ ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဦးချစ်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား တရုတ်နှင့် လာအိုဧည့်သည်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၃

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shandong Shantui Construction Machinery Import and Export Co., Ltd. မှ Director, Mr. WANG Zhiqiang ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၁ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်း၌ လာရောက်တွေ့ဆုံပြီး စီမံကိန်းများဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အလားတူ အမှတ်(၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းအား လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E. Dr. Nam VIYAKETH သည် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်း၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ စက်မှုနှင့် စီးပွားရေး၊ ဇီဝလောင်စာဆီ သုံးစွဲရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာသို့ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ စက်မှုနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီး H.E. Dr. Nam VIYAKETH လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ခုနစ်မြို့နယ်သို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အပ်ချုပ်စက်များ လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၃

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့် ခုနစ်မြို့နယ်သို့ ဝင်ငွေတိုးလုပ်ငန်းများအတွက် လှူဒါန်းသော အပ်ချုပ်စက် ၃၅ လုံး ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၁၀ ရက် နံနက် ၁၀ နာရီက ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ရွှေရောအောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရီရီအောင်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့် ခုနစ်မြို့နယ်သို့ ဝင်ငွေတိုးလုပ်ငန်းများအတွက်အပ်ချုပ်စက်များ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ လှူဒါန်းသော အပ်ချုပ်စက်များအား ပေးအပ် လှူဒါန်းရာ သက်ဆိုင်ရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများကလက်ခံရယူခဲ့ကြပြီး**(အောက်ပုံ)** လေဘေးသင့်မြို့နယ်များ ကိုယ်စား ကျိုက်လတ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သီတာမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့ပြင် ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လှည်းဆိပ်ကျေးရွာရှိ ဧက ၁၀၀၀ စံပြကွက် ရှင်းလင်းဆောင်၌ ကျင်းပသော အမျိုးသမီးများ အသိပညာပေးဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးအမှာစကား ပြောကြားခဲ့ပြီး တက်ရောက်လာကြသော မြို့နယ်အတွင်းရှိ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် လူမှုရေး၊ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးကာ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

CAFEO-26 အစည်းအဝေးတက်ရောက်ရန် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဝင်များ ဆက်သွယ်နိုင်

ရန်ကုန် ဩဂုတ် ၁၃

26th Conference of ASEAN Federation of Engineering Organizations (CAFEO-26) အစည်းအဝေးကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ နိုဝင်ဘာ ၂၆ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်ရာ တက်ရောက်လိုသော မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ အသင်းဝင်များသည် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း တက္ကသိုလ်များ လှိုင်နယ်မြေ (လှိုင်မြို့နယ်) ရန်ကုန်မြို့သို့ လိပ်မူ၍ စက်တင်ဘာ ၁၅ ရက်ထက်နောက်မကျစေဘဲ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ဖုန်း-၅၁၉၆၇၃-၆သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်အတွင်း ငါးမြစ်ချင်း ငါးသားပေါက်များကို မျိုးစိုက်ထည့်ပေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် စစ်ကိုင်းတိုင်း ဘုတလင်၊ ခင်ဦးနှင့် ကန့်ဘလူမြို့နယ်တို့မှ ဌာနဆိုင်ရာများအား တွေ့ဆုံမှာကြား

နေပြည်တော် ဩဂုတ် ၁၃

မုံရွာမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၉ ရက် နံနက် ၇ နာရီခွဲတွင် မုံရွာမြို့ မြောက်ဘက် ဘုတလင်မြို့အဝင် မုခ်ဦးတည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်နှင့်အဖွဲ့သည် နံနက် ၈ နာရီတွင် ဘုတလင်မြို့ မြဝတီခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအားတွေ့ဆုံသည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် ဌာနဆိုင်ရာများက ဆေးဝါးများ ၊ စာရေးကိရိယာများ၊ အဝတ်အထည်များနှင့် လူမှုရေးအသင်းအဖွဲ့များအတွက် ငွေကျပ် သုံးသိန်းတို့ကို ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်နှင့်အဖွဲ့သည် နံနက် ၁၀ နာရီတွင် ဒီပဲယင်းမြို့နယ် ဝဘာကျေးရွာသို့ရောက်ရှိကြပြီး အဆိုပါကျေးရွာမှ တောင်သူဦးဘိုဝင်း၏ လယ်မြေ၌ ကျင်းပသည့် ၂၀၀၈-၂၀၀၉ မိုးဝင် မိုးထွက် မိုးစပါး စံပြဧက ၁၀၀၀ စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးကြပြီး ဗိုလ်ချုပ်အုန်းမြင့်နှင့် တိုင်းမှူးတို့က ကောက်စိုက်သမများအား ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်နှင့်အဖွဲ့သည် ရေဦးမြို့နယ် ဖြတ္တုံကျေးရွာမှ တောင်သူ ဦးမြသန်းကြီး၏ ရွှေဘို(၁)အမျိုးအစား စံပြ ခြောက်ဧကတွင် ကောက်စိုက်လုံမေတို့၏ ကောက်စိုက်စွမ်းရည် သရုပ်ပြမှုကို ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုဆုငွေများနှင့် အမှတ်တရ လက်ဆောင်များ ပေးအပ်ကြကာ ဗိုလ်ချုပ်အုန်းမြင့်က အမှာစကား ပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ခင်ဦးမြို့နယ် ကံသစ်အုပ်စုမှ တောင်သူဦးမောင်မောင်၏ရွှေဘို(၁)အမျိုးအစား စံပြ ငါးဧကစိုက်ခင်းမိုးရာသီစပေါင်း စိုက်ပျိုးပွဲ၌ ကောက်စိုက်လုံမေတို့၏ ကျေးရွာအုပ်စုအလိုက် သရုပ်ပြစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်သည် ခင်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိ မြို့ဖများအား တွေ့ဆုံပြီး ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များနှင့်စာရေးကိရိယာများကိုလည်းကောင်း၊ တိုင်းမှူးက လူမှုရေးအသင်းအဖွဲ့များအတွက် ဝတ်စုံကြေးထောက်ပံ့ ငွေကျပ် သုံးသိန်းကို လည်းကောင်း ထောက်ပံ့ပေးအပ်ပြီး အမှာစကား ပြောကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်နှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်၌ ကျင်းပသည့် ငါးသားပေါက်မျိုးများ စိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်ကြပြီး ငါးမြစ်ချင်း ငါးသားပေါက်များကို သဖန်းဆိပ်ဆည်အတွင်း မျိုးစိုက်ထည့်လွှတ်ပေးသည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် သဖန်းဆိပ်ဆည်၏ ရေပိုလွှဲအဆောက်အအုံကို ကြည့်ရှုစစ်ဆေးကြပြီး သဖန်းဆိပ်ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်သည် ကန့်ဘလူမြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံး အစည်းအဝေး ခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ဆေးဝါးပစ္စည်းများ၊ အားကစားပစ္စည်းများ၊ စာရေးကိရိယာများနှင့် လက်ဆောင်ပစ္စည်းများကိုလည်းကောင်း၊ တိုင်းမှူးက လူမှုရေး အသင်းအဖွဲ့များအတွက် ဝတ်စုံကြေး ထောက်ပံ့ငွေကျပ် သုံးသိန်းကိုလည်းကောင်း တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည်ကန့်ဘလူမြို့မှ ဆက်လက်ထွက်ခွာလာရာ ညပိုင်းတွင် ရွှေဘိုမြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

ဥပ္ပါတသန္တိသုတ်နှင့် စက္ကသုတ် ရွတ်ဖတ်ပူဇော်မည်

ရန်ကုန် ဩဂုတ် ၁၃

အရှင်ဇေယျသိဒ္ဓိမေ့ညာဏက ရွှေပေါ်ကျွန်းဆရာတော်၏ တပည့်ရင်း ဦးဝိလာသက သန်လျင်ရွှေပေါ်ကျွန်း သာသနာပြုစခန်းတွင်းရှိ ရှေးဟောင်း ဥပ္ပါတသန္တိစေတီတော်တွင် ဥပ္ပါတသန္တိသုတ်နှင့် စက္ကသုတ်ကို ဝါခေါင်လပြည့်နေ့၌ ရွတ်ဖတ်ပူဇော်မည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ဘုရင့်နောင်ဈေးကြီး သွေးလှူဒါန်းပွဲ

ရန်ကုန် ဩဂုတ် ၁၃

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီး ဈေးသာယာရေးအဖွဲ့ သွေးလှူဒါန်းရေးကော်မတီ၏ (၈)ကြိမ်မြောက် သွေးလှူဒါန်းပွဲကို ဩဂုတ် ၂၃ ရက်တွင် ဈေးသာယာရေးရုံး၌ ကျင်းပမည်ဖြစ်သည်။

အဖွဲ့အနေဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနသို့ သွေးများနှင့် ငွေများ လှူဒါန်းခဲ့ရာ သတ္တမအကြိမ်အထိသွေးပုလင်းပေါင်း ၁၈၃၇နှင့် ငွေကျပ် ၇၂သိန်းလှူဒါန်းခဲ့ပြီးဖြစ်သည်။သွေးလှူဒါန်းလိုသူများအနေဖြင့် သွေးလှူဒါန်းရေးကော်မတီ ဥက္ကဋ္ဌ ဦးလှအေး ဖုန်း-၇၂၆၂၆၉၊ အတွင်းရေးမှူး ဦးခင်မောင်လွင် ဖုန်း-၇၂၈၄၆၇၊ ဈေးသာယာရေးရုံး ဖုန်း-၆၈၂၀၁၉ တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအတွင်းရေးမှူး၊ အလှူငွေနှင့် ပစ္စည်းများလက်ခံရေးနှင့် ကြီးကြပ်ရေး လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် မောင်မောင်ဆွေထံ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာ လုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်ကျင်ခိုင်နှင့် အဖွဲ့ဝင်များက လေဘေးသင့် ပြည်သူများအတွက် ငွေကျပ် ၄၁၂၃၀၀တန်ဖိုးရှိ ဆန်၊ ဆီ၊ ကုလားပဲ၊ ဆပ်ပြာ၊ ဖယောင်းတိုင်၊ မီးခြစ်များကို ပေးအပ်လှူဒါန်းစဉ်။ (လူမှုဝန်ထမ်း)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၄-၈-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၂၀ ၃။ အမျိုးသားရေး တေးကဗျာ
၄း၃၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၄း၅၀ ၆။ အမျိုးသားရေး တေးကဗျာ
၅း၂၀ ၇။ ရွှင်ကြည်ပြုံးစရာ တေးကဗျာ
၅း၃၀ ၈။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ **ကာတွန်းအစီအစဉ် -ကျားကလေးရဲ့ မွေးရပ်မြေ အပိုင်း(၂၁)**
၆း၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ပျော်ရွှင်ပါစေ အပိုင်း (၅၃)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေး တေးကဗျာ
၁၉။ အနုပညာရှင်၏ တစ်နေ့တာ
၂၀။ ကုန်သွယ်သုတ
၂၁။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အဖြူရောင် မြွေမင်းသမီးလေး အပိုင်း (၄၀)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

သာကေတစက်မှုဇုန်မှ သွင်းကုန်အစားထိုး ထုတ်ကုန်ပစ္စည်းများ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ -ရဲမောင်

"နိုင်ငံတော်၏ စီးပွားရေး တောင့်တင်းခိုင်မာစေရေး ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးကိုအခြေခံ၍ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုပါ တစ်ဆက်တည်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်ရန် စက်မှုဇုန်များကို တည်ထောင်ပေးနေသကဲ့သို့ တိုင်းရင်းသားစက်မှုလုပ်ငန်းရှင်များ ပေါ်ထွန်းလာစေရေးကိုပါ အားပေးမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်က နည်းပညာဆိုင်ရာ တက္ကသိုလ်များ ဖွင့်လှစ်၍လည်း စက်မှုလုပ်ငန်းများတွင် လိုအပ်သော အတတ်ပညာရှင်များကိုမွေးထုတ်ပေးလျက်ရှိကြောင်း၊ စက်မှုလုပ်ငန်းရှင်များ အနေဖြင့် နိုင်ငံတကာ ပြောင်းလဲတိုးတက်နေသော နည်းပညာရပ်များနှင့်အညီ ရင်ပေါင်တန်း ဆောင်ရွက်နိုင်ရန် အမြဲလေ့လာ တီထွင်ကြိုးစားရမည်ဖြစ်ကြောင်း၊ မိမိတို့ထုတ်လုပ်သော ပစ္စည်းများကို ပြည်တွင်းအသုံးသက်သက်သာမက ပြည်ပပို့ကုန်အဖြစ်ပါ မျှော်မှန်း၍ အရည်အသွေးကောင်းပြီး ဈေးနှုန်းသက်သာသော ကုန်ပစ္စည်းများဖြစ်စေရေး စီမံထုတ်လုပ်သွားရန်ဖြစ်ကြောင်း" ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် ရွှေပြည်သာစက်မှုဇုန်ရှိ စက်မှုလုပ်ငန်းများအား ဇူလိုင် ၅ရက်နေ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အထက်ပါအတိုင်းမှာကြားသွားသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ စက်မှုကဏ္ဍကိုရော၊ ပုဂ္ဂလိက စက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် ထူထောင်ပေးထားသည့် စက်မှုဇုန်များကိုပါ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန် လိုအပ်သည့် ပံ့ပိုးကူညီအားပေးမှုများ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်တစ်ဝန်းတွင် ပြန့်ကြဲလျက်ရှိသော ပုဂ္ဂလိက စက်မှုလုပ်ငန်းများကို စုစည်းလျက် သင့်လျော်ရာဒေသများတွင် စက်မှုဇုန်များ ထူထောင်ပေးထားသည်။ ယခုအခါ စက်မှုဇုန် ၁၉ ဇုန်ထိ ရှိနေပြီဖြစ်သည်။ ရန်ကုန်တိုင်းတစ်ခုတည်း၌ပင် စက်မှုဇုန်လေးဇုန် ဖွဲ့စည်းပေးထားပြီး ဖြစ်သည်။ ရန်ကုန်အရှေ့ပိုင်းခရိုင် စက်မှုဇုန်၊ ရန်ကုန်တောင်ပိုင်း ခရိုင်စက်မှုဇုန်၊ ရန်ကုန်အနောက်ပိုင်းခရိုင် စက်မှုဇုန်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင်

မျိုး MBJ-02 ဂျစ် ကို ဘေးတိုက် အနေအထား ဖြင့် တွေ့ မြင် ရစဉ်။ လေ လုံ မိုး လုံ၊ အ မိုး မာ၊ အ လင်း ရောင် ကောင်း စွာ ရရှိ အောင် တည်ဆောက် ထား သည်။

စက်မှုဇုန်တို့ဖြစ်သည်။ ရန်ကုန်အရှေ့ပိုင်းခရိုင် စက်မှုဇုန်တွင် တောင်ဥက္ကလာ၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)၊ မြောက်ဥက္ကလာတို့တွင် စီးပွားရေးဖွံ့ဖြိုးမှုဇုန်နှင့် စက်မှုဇုန်များရှိသည့်နည်းတူ သာကေတမြို့နယ်တွင်လည်း စက်မှုဇုန်ထူထောင်ဖွဲ့စည်းပေးထားသည်။

သာကေတစက်မှုဇုန်သည် သုဝဏ္ဏတံတားအနီး ဧရာဝဏ်လမ်းမကြီးဘေးတွင် တည်ရှိသည်။ မြေဧက ၂၀၀ ပေါ်တွင် စက်မှုမြေကွက် ၁၉၀ ဖော်ထုတ်ထားသည်။ နိုင်ငံပိုင် စက်ရုံ သုံးရုံနှင့် ပုဂ္ဂလိကပိုင် စက်ရုံ ၁၃၀ ရှိသည်။ လည်ပတ်နေသော ထိုစက်ရုံများက စားသောက်ရေး၊ ဝတ်ဆင်ရေး၊ နေထိုင်ရေး၊ လူသုံးပစ္စည်း၊ အိမ်သုံးပစ္စည်း၊ ကုန်ကြမ်းပစ္စည်း၊ လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေကြသကဲ့သို့ အထွေထွေစက်မှုလုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေး ယာဉ်များကိုလည်း ထုတ်လုပ်လျက် ရှိကြသည်။

အထူးသဖြင့် ပြည်ပနိုင်ငံဈေးကွက်များတွင် နာမည်ရကာ ဈေးကွက်ခိုင်မာစွာရရှိနေသည့် နိုင်ငံတကာ စံချိန် စံညွှန်းမီ ပို့ကုန်ပစ္စည်းများ ထုတ်လုပ်တင်ပို့နေသည့် နည်းတူ သွင်းကုန်အစားထိုး ထုတ်ကုန်ပစ္စည်းများကိုလည်း ဝယ်သူစိတ်ကြိုက် အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်ဖြည့်ဆည်းပေးလျက် ရှိသည်ကို တွေ့ရသည်။

ထုတ်လုပ်ဖြည့်ဆည်း ပေးနေသည့် သွင်းကုန်အစားထိုး ထုတ်ကုန်များတွင် သယ်ယူပို့ဆောင်ရေးယာဉ် ထုတ်လုပ်သည့် လုပ်ငန်းများလည်း ပါဝင်သည်။ နေမင်းမြန်မာ၊ စွမ်းထက်၊ စိန်ပန်းခိုင်၊ အောင်နိုင်သူ၊ ဝင်းစတားနှင့် မျိုး စသည့်မော်တော်ယာဉ် ထုတ်လုပ်ရေးလုပ်ငန်းများသည်အရည်အသွေးကောင်းမွန်ပြီး ပြည်တွင်းဈေးကွက် ခိုင်ခိုင်မာမာ ရရှိနေသော လုပ်ငန်းများဖြစ်သည်။ သာကေတစက်မှုဇုန်ရှိ သွင်းကုန်အစားထိုး မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းများမှ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဂျစ်အစီးရေ ၂၀၀ ခန့်နှင့် လိုက်ထရပ်အစီးရေ ၂၀၀ ကျော်တို့ကို အားကြိုးမာန်တက် ထုတ်လုပ်ခဲ့ကြကြောင်း သိရသည်။

"ကျွန်တော်တို့ မျိုးမော်တော်ယာဉ် ထုတ်လုပ်ရေးက ထုတ်တဲ့ကားတွေကို မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီက သတ်မှတ်ထားတဲ့ စံချိန် စံညွှန်းတွေအပြင် လှပတဲ့ဒီဇိုင်း၊ မြင့်မားတဲ့အရည်အသွေး၊ သင့်တင့်တဲ့ ဈေးနှုန်းနဲ့ ဝယ်ယူစီးနင်းသူတွေ ကျေနပ်နှစ်သက်မှုရှိအောင် အထူးစီမံထုတ်လုပ်ထားပါတယ်. . ." ဟု သာကေတ စက်မှုဇုန်၊ မြနန္ဒာလမ်း အမှတ် ၁၂၉ ရှိ မျိုး မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းမှ အုပ်ချုပ်မှု ဒါရိုက်တာ ဦးမျိုးသန့်က ပြောပြသည်။

မျိုး မော်တော်ယာဉ်ထုတ်လုပ်ရေး လုပ်ငန်းမှ ဂျစ်နှစ်မျိုး (MBJ-01 နှင့် MBJ-02)၊ လိုက်ထရပ်မော်တော်ယာဉ်များ ထုတ်လုပ်လျက်ရှိသည်။ ထုတ်လုပ်သည့် မော်တော်ယာဉ်တိုင်းကို ဖရိန်ဂိတ်ပြည့်၊ ဘော်ဒီ ၁၈ ဂိတ်ပြည့် သံပြားများ သုံးထားသည်။ 2C / 3C အင်ဂျင်များချည်း အသုံးပြုထားကြောင်းသိရသည်။

အထူးသဖြင့် မျိုးဂျစ်(MBJ -02)မှာ လမ်းချော လမ်းကြမ်းနှင့် အကိုက်ညီဆုံးဖြစ်အောင် ဖရိန်ကအစ ဟိုင်းလတ်စနစ်ဖြင့် တည်ဆောက်ထားသည်။

တံခါးသုံးပေါက် နောက်ဖွင့်ဖြစ်၍ အတက်အဆင်းလွယ်ကူသည်။ အမိုးမာဖြစ်သည်။ သံမိုးဖြစ်၍ ဖိုင်ဘာနှင့်စာလျှင် စိတ်ချရမှုပိုများသည်။ သံ မိုးဖြစ်သည့်အတွက် ကျန်းမာရေးကို အထောက်အကူပြုသည်။ အန္တရာယ်မှ ကာကွယ်ပေးသည်။

ကားအင်ဂျင်နှင့် ဆက်စပ်ပစ္စည်းများ ရှင်းလင်းသပ်ရပ် စနစ်မှန်စွာ တည်ဆောက်ထားသဖြင့် လှိုင်းရှိလမ်းများတွင် အရှိန်ဖြင့် မောင်းပါက သက်သောင့်သက်သာနှင့် ငြိမ့်ညောင်းမှုရှိစွာ အန္တရာယ်ကင်းကင်း စီးနင်းနိုင်အောင် တည်ဆောက်ထားပါကြောင်း အုပ်ချုပ်မှု ဒါရိုက်တာ ဦးမျိုးသန့်က ထပ်မံရှင်းပြသည်။

လူ ငယ် လူ ရွယ် များ အ ထူး ကြိုက် နှစ် သက် သည့် သာ ကေ တ စက် မှု ဇုန် မှ ထုတ် လုပ် သော သွင်း ကုန် အ စား ထိုး မျိုး MBJ-01 ဂျစ် များ အား တွေ့ ရ စဉ်။

ဆယ်စုနှစ် တစ်စုကျော်ကျော် သက်တမ်းရှိသော စက်မှုဇုန်များမှ စက်မှုလုပ်ငန်းရှင်များ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများသည် ပို့ကုန်များတွင် အရည်အသွေးများ ကောင်းမွန်လာသကဲ့သို့ သွင်းကုန် အစားထိုး ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင်လည်း အရည်အသွေးကို အဓိက ထားလာကြသဖြင့် ဈေးကွက်များ ပိုမိုရရှိလာကြကာ ရှင်သန်ရပ်တည် ဖွံ့ဖြိုးတိုးတက်နေကြသည်ကို တွေ့မြင်နေရသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ စီးပွားရေး တောင့်တင်းခိုင်မာစေရေး ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးကို အခြေခံ၍ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်ရန် စက်မှုဇုန်များ တည်ထောင်ပေးသကဲ့သို့ တိုင်းရင်းသား စက်မှုလုပ်ငန်းရှင်များ ပေါ်ထွန်းလာစေရေးကိုပါ အားပေးမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိသည်။ စက်မှုလုပ်ငန်းရှင်များကလည်း နိုင်ငံတကာ ပြောင်းလဲတိုးတက်နေသော နည်းပညာရပ်များနှင့်အညီ ရင်ပေါင်တန်း ဆောင်ရွက်နိုင်ရန် အမြဲလေ့လာတီထွင်ကြိုးစားနေကြသည့်အတွက် စက်မှုဇုန်များရှိ မြန်မာ့စက်မှုလုပ်ငန်းများသည် ရှင်သန်တိုးတက်လျက်ရှိနေပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

သီတာဦး သမဝါယမ နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဩဂုတ် ၁၃

တောင်ဥက္ကလာပမြို့နယ်(၇)ရပ်ကွက် သီတာဦးရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဩဂုတ် ၁၀ ရက်က ၎င်းအသင်းဆိုင်၌ ကျင်းပရာ ရန်ကုန်တိုင်း သမဝါယမဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဦးသောင်းနိုင်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မင်း၊ ရန်ကုန်တိုင်း အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုချုပ်မှ အတွင်းရေးမှူး ဦးတင်မြင့်နှင့် အုပ်ချုပ်မှုဒါရိုက်တာ ဦးမျိုးမြင့်၊ တောင်ဥက္ကလာပမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သက်သက်နှင့် မြို့နယ်အထွေထွေရောင်းဝယ်ရေးလုပ်ငန်း သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် ဒါရိုက်တာများ တက်ရောက်ကြကာ သီတာဦးရောင်းဝယ်ရေး သမဝါယမအသင်း ဥက္ကဋ္ဌ ဦးကျော်ဖြူ(**အောက်ပုံ**) နှင့် တိုင်းအထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုချုပ် အတွင်းရေးမှူးဦးတင်မြင့်၊ မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဒေါ်သက်သက်တို့က အမှာစကားပြောကြားပြီး အသင်းအတွင်းရေးမှူး ဦးစိုးဝင်းက အသင်းသူ၊ အသင်းသားများအား ပစ္စည်းများ မဲဖောက်၍ ပေးအပ်ကြောင်း သိရသည်။ (၆၃)

ဘူးသီးတောင်မြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဩဂုတ် ၁၃

ဘူးသီးတောင်မြို့နယ်အသင်း(ရန်ကုန်) ပဥ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဩဂုတ် ၁၆ရက် (စနေနေ့) နံနက် ၉နာရီတွင် အသင်းတည်ရှိရာ ဗဟန်းမြို့နယ်၊ ကြားတောရရပ်ကွက်၊ မဏ္ဍလာကံယုံကျောင်း၊ သာသနလင်္ကာရ ပရိယတ္တိစာသင်တိုက်ကြီးတွင်ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများ၊ မြို့နယ်သူ မြို့နယ်သားများ ကိုယ်တိုင်ကိုယ်ကျ တက်ရောက် ပါဝင်လှူဒါန်းကြရန် နှိုးဆော်ထားကြောင်းသိရသည်။ (ကြေးမုံ)

၁၀ ရက် တရားစခန်းပွဲ

ရန်ကုန် ဩဂုတ် ၁၃

မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက်၊ ပုပ္ပား(၂) မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ လစဉ် တရားစခန်းပွဲ ဖွင့်လှစ်လျက်ရှိရာ ယခုတရားစခန်းပွဲကို ဩဂုတ် ၁၉ရက် (အင်္ဂါနေ့) ညနေအရောက် ယောဂီများလာကြရမည်ဖြစ်သည်။ တရားစခန်းပွဲတွင် ပုပ္ပား(၂) မိုးကုတ်ရိပ်သာဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ-LL.B) နှင့် ပန်းချီဆရာကြီး ဦးလွန်းကြွယ်တို့က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားကြမည်ဖြစ်ပါ၍ ယောဂီများ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၆၉၀၀၅၉ သို့ ဖြစ်စေ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

တာမွေမြို့နယ် အမက(၇) ရှိ ကျောင်းသား၊ ကျောင်းသူများအား ဇူလိုင် ၄ ရက်က တာမွေမြို့နယ် စိတ္တသုခလမ်းနေ ဦးသိန်းသန်း-ဒေါ်ခင်မာအေးတို့၏သမီး မအေးသီရိချို (Grade5-A1)က မွေးနေ့ အထိမ်းအမှတ်အဖြစ် အာဟာရနို့ထမင်းကို တိုက်ကျွေးစဉ်။ (ကြေးမုံ)

အမှတ်(၁)စက်မှုဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၁၃

အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့အစီအစဉ်ကို ဩဂုတ် ၉ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ပထမလေးလပတ်လုပ်ငန်း ဆောင်ရွက်မှုအပေါ် သုံးသပ်ချက်များကို မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း အဆင့်မြင့် မီးခံအုတ်စက်ရုံ (ကျောက်ဆည်)နှင့် မီးခံဘိလပ်မြေပြား စက်ရုံ(မှော်ဘီ)တို့မှ စက်ရုံမှူးများက ဆွေးနွေးတင်ပြကြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီက ဖြည့်စွက်ဆွေးနွေးသည်။

ဆက်လက်၍ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းမှ စက္ကူနှင့် ပျော့ဖတ်စက်ရုံ(သာပေါင်း)၊ အမှတ်(၁) စက္ကူစက်ရုံ(စစ်တောင်း)၊ ရေနီစက္ကူစက်ရုံနှင့် အမှတ်(၃) စက္ကူစက်ရုံ (ပလိပ်)တို့မှ စက်ရုံမှူးများက ကုန်ထုတ်လုပ်မှု အခြေအနေများကို ဆွေးနွေးတင်ပြကြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးညွှန့်အောင်က ဖြည့်စွက်ဆွေးနွေးသည်။

ဆက်လက်၍ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်းဌာနအောက်ရှိ ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်းစက်ရုံ၊ စက်ဘီးစက်ရုံ (ကျောက်ဆည်)၊ စက်ဘီးစက်ရုံ(ရန်ကုန်)၊ သားရေစက်ရုံ၊ သားရေပစ္စည်းစက်ရုံ၊ စက္ကူထုပ်ပိုးပစ္စည်းစက်ရုံ၊အမှတ်(၁)နှင့် အမှတ်(၂)ဖိနပ်စက်ရုံ၊ကြွေထည်သုတ်ပစ္စည်းစက်ရုံနှင့် အပ်ချုပ်စက်ရုံ (ကျောက်ဆည်)တို့မှ စက်ရုံမှူးများက ကုန်ထုတ်လုပ်မှု လုပ်ငန်းများ တိုးမြှင့်ထုတ်လုပ်နိုင်မှု အခြေအနေများကို ဆွေးနွေးတင်ပြကြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောက်က ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် မြန်မာ့စက်မှုလုပ်ငန်းများ၏ကုန်ကြမ်းစိုက်ကွင်းနှင့် ခြံတာဝန်ခံများက စက်မှုကုန်ကြမ်းစိုက်ပျိုးမှု အခြေအနေများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနပြည်နယ်နှင့်တိုင်း ဦးစီးမှူးများကလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးစိုးလှိုင်က ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် စက်မှုညွှန်ကြားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က ဦးစီးဌာနနှင့် လုပ်ငန်းအသီးသီးမှတင်ပြချက်၊အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်း၍ ကုန်ထုတ်လုပ်မှု လျာထားချက် ပြည့်မီကျော်လွန်အောင် ဆက်လက်ဆောင်ရွက်သွားနိုင်ရေးကိစ္စရပ်များကို တင်ပြသည်။

ယင်းနောက် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ဦးစီးဌာနနှင့် လုပ်ငန်းများ၏ တင်ပြချက်များအပေါ် သုံးသပ်၍ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ကုန်ထုတ်လုပ်မှု ရည်မှန်းချက်အောင်မြင်ရေးအတွက် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ပထမလေးလပတ် လုပ်ငန်းဆောင်ရွက်မှုအပေါ် အားနည်းချက်များနှင့် ချို့ယွင်းချက်များကို သုံးသပ်ပြီး ကျန်ရှိသည့် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ဒုတိယနှင့် တတိယ လေးလပတ် ကာလများတွင် စက်ရုံမှူးများ၊ သက်ဆိုင်ရာ စက်မှုလုပ်ငန်းရုံးချုပ်များ၏ တာဝန်ရှိသူအဆင့်ဆင့်တို့က မှန်ကန်သော အမျိုးသားရေးစိတ်ဓာတ်နှင့်အညီ တက်ညီလက်ညီ လုပ်ငန်းများ အောင်မြင်စေရန်၊ လုပ်ငန်း၊ စက်ရုံအလိုက် သတ်မှတ်ထားသည့် ကုန်ထုတ်လုပ်မှု လျာထားချက်များ၊ ရငွေလျာထားချက်များကို ပြည့်မီကျော်လွန်အောင် စိတ်ဓာတ်၊ စေတနာကောင်း၊ ရည်ရွယ်ချက်ကောင်း၊ လုပ်ဆောင်ချက် ကောင်းများဖြင့် ရည်မှန်းချက်တာဝန်များကို ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် သာမန်လုပ်ရိုးလုပ်စဉ် သဘောမျိုးမဟုတ်ဘဲ တီထွင်ကြံဆပြီးအကြံကောင်း၊ ဉာဏ်ကောင်းများဖြင့် ကြိုးစားလုပ်ကိုင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သက်ရှိလောက
တည်မြဲဖို့
သဘာဝ
တောတွေ
ထိန်းသိမ်းစို့

အမှာစကားပြောကြား

အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း အမှတ်(၁) စက်မှုဝန်ကြီးဌာန လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

မုန်တိုင်းသင့် ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၃

မုန်တိုင်း တိုက်ခတ်ခံရသော ဒေသများအတွက် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်းရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမြန်မာနိုင်ငံတော် ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ) အလှူငွေလက်ခံရာဌာနသို့ လာရောက်လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

ဩဂုတ် ၉ ရက်တွင်အလှူရှင်ကွယ်လွန်သူဖခင်ဦးချွန်အားရည်စူး၍ ဇနီးဒေါ်ကြည်မိသားစု ဝါးတန်းလမ်း(လမ်းမတော်မြို့နယ်)က လူနေအိမ်တစ်လုံးအတွက်ငွေကျပ်ခြောက်သိန်း၊ နေပြည်တော် ပျဉ်းမနားခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကငွေကျပ်၁၃၃၃၇၁၇၀၊ဩဂုတ်၁၀ရက်တွင်အလှူရှင် Techo International Pte.Ltd က အမေရိကန်ဒေါ်လာ ၁၃၀၀၀၊ ဩဂုတ် ၁၁ရက်တွင် အလှူရှင်ဦးချစ်လွင်နှင့်ဒေါ်သိန်းကြည်မိသားစု ဆေးရုံဝင်း သထုံမြို့က ငွေကျပ်တစ်သိန်း၊Embassy of the Union of Myanmar,Cambodia မှတစ်ဆင့် ပေးပို့လှူဒါန်းငွေ ယူရို၁၅၉၃၆၉ ဒသမ ၉၈၊ ဩဂုတ် ၁၂ ရက်တွင် အလှူရှင် PIR&D Co.,Ltd, Tsunami Network Partnership Co., Ltd, Shinwa Sangyo Co., Ltd, Iwaki Seyaku Co.,Ltd ကငွေကျပ် ၁၉၅၀၀၀၀တို့ဖြစ်သည်။ ဩဂုတ် ၉ ရက်မှ ၁၂ရက်ထိလက်ခံရရှိသည့်အလှူငွေစုစုပေါင်းမှာငွေကျပ်၄၅၉၈၇၀၇၀၊ အမေရိကန်ဒေါ်လာ ၁၃၀၀၀နှင့်ယူရို ၁၅၉၃၆၉ဒသမ၉၈တို့ဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

ရန်ကုန် ဩဂုတ် ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံကာကွယ်ရေးဝန်ကြီး General, Phung Quang Thanh နှင့် ဇနီး Mrs. Tran Thi Loc တို့ဦးဆောင်သည့်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဇော်ဝင်းနှင့် ဇနီး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Tran Van Tung နှင့် ဇနီး၊ စစ်သံ မှူး Sr. Colonel, Le Van Thanh နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၈ နာရီ ၁၀ မိနစ်တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ရောက်ရှိကြသည်။

ယင်းနောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်ရင်ပြင်တောင်ဘက်မုခ်အနီးရှိ ဧည့်ခံတန်ဆောင်း၌ ရွှေတိဂုံပုံတူတော်ရွှေသားစေတီတော်အား ဖူးမြော်ကြည်ညိုကြပြီး ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ထို့နောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် ဇနီးတို့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် နံ့သာတိုင်တို့ဖြင့် ဆက်ကပ်လှူဒါန်းဖူးမြော်ကြည်ညိုကြကာ အလှူတော်ငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက်ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် ဇနီးတို့ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ကြည်ညိုကြပြီး ပုညကုသလ ဗဟုကရအသင်းတန်ဆောင်း၌ ကိန်းဝပ် စံပယ်လျက်ရှိသည့် ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ တနင်္ဂနွေထောင့်ရှိ သာယာဝတီမင်းခေါင်းလောင်းတော်ကို ကြည့်ရှုလေ့လာကြကာ နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားကြသည်။

ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံကာကွယ်ရေးဝန်ကြီးနှင့် ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် ဧည့်ခန်းမ၌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး General, Phung Quang Thanh အား ချစ်ကြည်ရေးခရီးစဉ်မှတ်တမ်းစီဒီ၊ ဒီဗွီဒီနှင့် အယ်လ်ဘမ်တို့ကို လက်ဆောင်အဖြစ်ပေးအပ်သည်။

ထို့နောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် ဇနီးတို့ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ပြန်လည်ထွက်ခွာသွားကြရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်ဇနီး၊ ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်ဇော်ဝင်းနှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr. Tran Van Tung နှင့်ဇနီး၊ စစ်သံမှူး Sr. Colonel, Le Van Thanh နှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ကျောက်တန်း အထက (၂) (သော်ကကျောင်း) ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၁၀ရက်က ကျင်းပရာ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် လေးဘာသာဂုဏ်ထူးဖြင့် အမှတ်အများဆုံး ရရှိသူ မယုငယ်ဇော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်နန့်အီဗာ ဂုဏ်ပြုဆုပေးအပ်စဉ်။

(၇၇)

စစ်မှုထမ်းဟောင်းအဖွဲ့ ပညာသင်ထောက်ပံ့ငွေပေးအပ်

ရန်ကုန် ဩဂုတ် ၁၃

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေး လုပ်ငန်းအဖွဲ့(၁၅)၊ ရန်ကုန်တိုင်း (စည်ပင်ပြင်ပ) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့၏ လစဉ်ပုံမှန်အစည်းအဝေးနှင့် ပညာသင် ထောက်ပံ့ငွေပေးအပ်ပွဲကို ဇူလိုင် ၇ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အစည်းအဝေးခန်းမ၌ကျင်းပရာရန်ကုန်တိုင်း(စည်ပင်ပြင်ပ) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး မျိုးနိုင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း (စည်ပင်ပြင်ပ) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့က ထောက်ပံ့ပေးအပ်သည့် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သူနှင့် ဂုဏ်ထူးရရှိသူ ကွပ်ကဲမှုအောက် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သား၊ သမီး ၃၇ ဦးအတွက် ပညာသင် ထောက်ပံ့ငွေကျပ် ၅၄၀၀၀ ကိုလည်းကောင်း၊ မှော်ဘီမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ တပ်ကြပ် ထွန်းကြည် (အငြိမ်းစား)အတွက် ထောက်ပံ့ငွေကျပ်တစ်သိန်းကို လည်းကောင်း ပေးအပ်သည်။ **(ယာပုံ)**

ထို့နောက်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်ချက်များကို အသီးသီး ဆွေးနွေးတင်ပြပြီး ရန်ကုန်တိုင်း(စည်ပင်ပြင်ပ) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးနိုင်က နိဂုံးချုပ်အမှာစကား ပြောကြားကြောင်းသိရသည်။ (ကြေးမုံ)

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းနှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် မြစ်ကြီးနားမြို့၌ လူမှုရေး အသင်းအဖွဲ့ဝင်များအား တွေ့ဆုံမှာကြား

နေပြည်တော် ဩဂုတ် ၁၃

ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့သည် ဩဂုတ် ၁၁ ရက်တွင် မြစ်ကြီးနားမြို့ ရှမ်းစု(မြောက်)ရပ်ကွက်ဓမ္မာရုံ၌ မြစ်ကြီးနားမြို့ပေါ်ရှိ ကချင်စု၊ ရှမ်းစုတောင်၊ ရှမ်းစုမြောက် မြို့မရပ်ကွက်များမှ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်တွေ့ဆုံ၍ တင်ပြမှုများအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ဆက်ကပ်လှူဒါန်း

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူးတို့သည် မြစ်ကြီးနားမြို့ အောင်နန်းရိပ်သာကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တအာဒိစ္စဝံသအား သွားရောက်ဖူးမြော်ပြီး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူးတို့သည် အောင်နန်းရိပ်သာရပ်ကွက် အောင်ချမ်းသာဘုရား ဓမ္မာရုံ၌ အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲသို့ တက်ရောက်ကြပြီး အမှာစကားပြောကြားကြသည်။

ထို့နောက် တာဝန်ရှိသူများက အသင်းဝင် အဆိုပြုလွှာ စောင်ရေ ၅၀၀ကိုပေးအပ်ရာ ပြည်နယ် အတွင်းရေးမှူးက လက်ခံသည်။

ညှိနှိုင်းဆောင်ရွက်

ဆက်လက်၍ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ လူမှုရေး အသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲကို ရပ်ပူရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပြည်နယ်အသင်းရုံး၌ကျင်းပရာ တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူးတို့က အမှာစကား ပြောကြားကြပြီး တင်ပြချက်များအပေါ် လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် ဩဂုတ် ၁၂ရက်တွင် မြစ်ကြီးနားမြို့ ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက်၌ ဝန်းသိုကျောင်းတိုက် ဦးစီးပဓာန နာယက နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသီလဝံသအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် တယ်လီဖုန်းလိုင်းများ တိုးချဲ့ခြင်း စီမံကိန်းအတွက် မြစ်ကြီးနားမြို့ တက္ကသိုလ်ရှေ့ မျက်နှာစာ၌ မြို့တွင်းကေဘယ်လ်များ သွယ်တန်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဝန်ကြီးသည် မြစ်ကြီးနားမြို့၌ တပ်ဆင်ထားရှိသည့် D-Amps ဆယ်လူလာစနစ်စခန်းနှင့် GSM စနစ်စခန်းတို့ကို သွားရောက် ကြည့်ရှုပြီး D-Amps ဆယ်လူလာစနစ် 8-8-2စနစ်မှ8-8-4စနစ်သို့ ပြောင်းလဲတပ်ဆင်ပြီးစီးမှုနှင့် GSMစနစ် စက်ပစ္စည်းများ တပ်ဆင်ထားရှိမှုတို့ကို တာဝန်ခံအင်ဂျင်နီယာ၏ ရှင်းလင်းတင်ပြမှုအပေါ် ဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ကြည့်ရှုစစ်ဆေး

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် မြစ်ကြီးနားမြို့၌ တပ်ဆင်ထားရှိသည့် D-Amps ဆယ်လူလာစနစ် စခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

(ဆက်သွယ်ရေး)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား ဩစတြေးလျသံအမတ်ကြီး တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၃

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Ms Michelle Su. Wen Chan သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။**(ဓာတ်ပုံ)**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်း ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ထွန်းတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြစ်ရေကြီးမှုအခြေအနေ

ဩဂုတ် ၁၃ ရက်
မွန်းလွဲ၁၂ နာရီခွဲထုတ်ပြန်ချက်

ပဲခူးမြစ်ရေသည် ယနေ့ နံနက် မြန်မာစံတော်ချိန် ၁၁နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြို့၌ ၈၉၆စင်တီမီတာ သို့ရောက်ရှိနေပြီး နောက် ၂၄နာရီ အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၉၁၀ သို့ရောက်ရှိနိုင်သည်။

ရွှေကျင်မြစ်ရေသည် ယနေ့ နံနက် မြန်မာစံတော်ချိန် ၁၁နာရီခွဲတိုင်းထွာချက်အရ ရွှေကျင်မြို့တွင် စင်တီမီတာ ၇၁၀ သို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၀စင်တီမီတာ (၀ဒသမ၃)ပေခန့်ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက် ၂၄နာရီ အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ၇၀၀အထက်တွင်ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှသတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပ
ဆက်သွယ်ရေး၊စာတိုက်နှင့် သိပ္ပံ/နည်းပညာတို့ အနိုင်ရ

နေပြည်တော် ဩဂုတ် ၁၃

၂၀၀၈ခုနှစ် ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို နေပြည်တော်ဘောလုံးကွင်းနှင့် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားပြိုင်ကွင်းတို့၌ ယနေ့ ညနေ ၃ နာရီခွဲက ဆက်လက်ကျင်းပရာ နေပြည်တော်ဘောလုံးကွင်း၌ (ဆ) အုပ်စုတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဘောလုံးအသင်းက ပြည်ထဲရေးဝန်ကြီးဌာနဘောလုံးအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊ နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ (ဆ)အုပ်စုတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဘောလုံးအသင်းက နိုင်ငံခြားရေးဝန်ကြီးဌာန ဘောလုံးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားသည်။

ပြိုင်ပွဲသို့ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ အားကစားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမြင့်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့် မိသားစုများ၊ အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

၁၄-၈-၂၀၀၈

နေပြည်တော်ကွင်း
အုပ်စု(ဇ)
စီးပွား/ကူးသန်းနှင့် စွမ်းအင်

ပေါင်းလောင်းကွင်း
အုပ်စု(ဇ)
သစ်တောရေးရာနှင့် ပို့ဆောင်ရေး

(၁၀၇)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း
ဗဟိုဦးစီးအစည်းအဝေး အတွေ့အကြုံရှင်းလင်း

ရန်ကုန် ဩဂုတ် ၁၃

ဩဂုတ် ၉ရက် နံနက် ၁၀နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမဆောင်၌ ၂၀၀၇ခုနှစ် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ လသာမြို့နယ် နှစ်ပတ်လည်အစည်းအဝေးနှင့် ဗဟိုဦးစီး အစည်းအဝေး အတွေ့အကြုံရှင်းလင်းပွဲကိုကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးညွန့်တင်(သီဟညွန့်တင်)က အဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီဝင် ဦးအောင်သိန်းဝင်း (မောင်ခိုင်ခန့်)**(ဓာတ်ပုံ)**နှင့် လသာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးသိန်းထွန်းတို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ ဗဟိုဦးစီး အစည်းအဝေး အတွေ့အကြုံကို ညီလာခံကိုယ်စားလှယ် ဗဟိုဦးစီးအဖွဲ့ဝင် မြို့နယ်စာပေစာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူးဦးအောင်မော်(မောင်ယဉ်ထိုက်)က ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဘဏ္ဍာရေးမှူးဦးဘိုနီ(ထိုက်ထိုက်)က အဖွဲ့၏ ငွေစာရင်းရှင်းတမ်းကို တင်ပြသည်။ ဦးစိုးမင်းအောင်က အဖွဲ့၏ ရှေ့လုပ်ငန်းစဉ်ကို တင်သွင်းပြီး ဦးသန်းမောင်(အောင်ချစ်စိုး)က ထောက်ခံပြီး နံနက် ၁၀နာရီ မိနစ် ၅၀တွင် အခမ်းအနားပြီးဆုံးကြောင်း သတင်းရရှိသည်။

(၄၁)

မော်လမြိုင်မြို့ ပြည်သူ့ဆေးရုံ(ခွဲ) ကလေးတိုးချဲ့လူနာဆောင်သစ်နှင့် မိုးစပါးဧက ၂၀၀ စံပြစိုက်ခင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၃

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် ဩဂုတ် ၉ ရက် နံနက်ပိုင်းတွင် မုဒုံမြို့နယ် မြိုင်ကုန်းကျေးရွာ ဝင်းစိန်တောရကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေသရအား ဖူးမြော်ကြည်ညိုကာ သက်န်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး ရတနာတောင်၌ ဝင်းစိန်တောရကျောင်းဆရာတော် ဦးစီးတည်ဆောက်လျက်ရှိသော အတောင် ၄၀၀ ပြည့် ဇိနသုခရန်အောင်ချမ်းသာ လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးသည် ဇိနသုခရန်အောင်ချမ်းသာ လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်၌ဆောက်လုပ်လျက်ရှိသော ဗုဒ္ဓဝင်ပြခန်းများနှင့် ရတနာတောင်အနီးရှိ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပမှုများကို ကြည့်ရှုလေ့လာသည်။

ထိုမှတစ်ဆင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့နယ် စစ်ကဲကုန်းရှိ မော်လမြိုင် အထွေထွေရောဂါကုဆေးရုံ(ခွဲ) ကိုယ့်အားကိုယ်ကိုး ကလေးတိုးချဲ့ သုံးထပ်လူနာဆောင်သစ် ဆောက်လုပ်မှု လုပ်ငန်းခွင်သို့ သွားရောက်၍ သုံးထပ်လူနာဆောင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး မော်လမြိုင်မြို့နယ် နောင်ခရီကျေးရွာရှိ မိုးစပါးဧက ၂၀၀ စံပြစိုက်ခင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့နယ် နောင်ခရီကျေးရွာရှိ မိုးစပါးဧက ၂၀၀ စံပြစိုက်ခင်းကို လှည့်လည်ကြည့်ရှုလေ့လာပြီး မော်လမြိုင်မြို့နယ် ဖားအောက်ကျေးရွာရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း နှစ်ရှည်ပင်များ အသုံးချသုတေသနဌာနသို့ ရောက်ရှိကြသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးက နှစ်ရှည်ပင်များ အသုံးချသုတေသနဌာနကို တည်ထောင်ခဲ့သည်မှာ နှစ်ပေါင်း ၅၀ ကျော်ခဲ့ပြီဖြစ်ကြောင်း၊ သီးနှံများ အထွက်နှုန်းတိုးရေး၊ အရည်အသွေးကောင်းမွန်ရေးနှင့် ရောဂါကင်းဝေးရေးတို့အတွက် သုတေသနဌာနသည် လွန်စွာ အရေးပါကြောင်း၊ အထူးသဖြင့် မွန်ပြည်နယ်တွင် ရော်ဘာစိုက်ဧက လေးသိန်း ကျော်သွားပြီဖြစ်၍ ရော်ဘာအထွက်နှုန်း ကောင်းမွန်ရေးမှာ အရေးကြီးကြောင်းနှင့် သုတေသနပြုရာတွင် လက်တွေ့နယ်ပယ်၏ လိုအပ်ချက်ကို လေ့လာ၍ သုတေသနလုပ်ရန် လိုကြောင်း မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်သာအေးသည် လေ့ကျင့်ပညာပေးရေးဌာန၊ မြေဆီသိပ္ပံဌာနနှင့် စိုက်ပျိုးရေးဌာန၊ ကြက်ဆူပင်စိုက်ခင်း၊ ရော်ဘာ ၁၂ မျိုး စမ်းသပ်စိုက်ခင်း၊ ဆီအုန်း၊ သီဟိုဠ်စမ်းသပ်စိုက်ခင်းနှင့် ရော်ဘာပင်ကြား မြေဆီထိန်း ပဲစိုက်ပျိုးထားမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မော်လမြိုင်တပ်နယ် စိုက်ပျိုးမွေးမြူရေးစခန်း(ဘင်လှိုင်)ရှိ ဝက်မွေးမြူရေးနှင့် ကြက်မွေးမြူရေးခြံတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေးသည် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန နည်းပညာတက္ကသိုလ် (မော်လမြိုင်)၌ ဆရာ၊ ဆရာမများအား တွေ့ဆုံပြီး လက်တွေ့နယ်ပယ်၌အသုံးချနိုင်သည့် အထိ ပညာရပ်များကို လေ့ကျင့်သင်ကြားပေးသွားရန်၊ တိုင်းပြည်ချစ်မြတ်နိုးသော စိတ်ဓာတ်ဖြင့် မိမိတို့နိုင်ငံ၏စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထားရသူများ ပေါ်ထွက်လာရေးအတွက် မွေးထုတ်ပေးကြရန် စသည်ဖြင့် မှာကြားသည်။

ဆက်လက်၍ ဗိုလ်ချုပ်သာအေးသည် ညနေ ၃ နာရီတွင် မော်လမြိုင်တပ်နယ် အဏ္ဏဝါရိပ်သာ၌ မွန်ပြည်နယ်မှ တိုင်းရင်းသားစီးပွားရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်ချက်နှင့် လိုအပ်ချက်များကိုရှင်းလင်းတင်ပြကြရာ ဗိုလ်ချုပ်သာအေးက တင်ပြချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံတကာစာပို့တံဆိပ်ခေါင်း ဖိတ်ခေါ်ဒီဇိုင်းပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် ဩဂုတ် ၁၃

စာပို့တံဆိပ်ခေါင်းများအပေါ်တွင် ပြည်သူလူထုများ၏ စိတ်ပါဝင်စားလာစေမှု တိုးမြှင့်ပေးရန်နှင့် တီထွင်ဆန်းသစ်သည့် စိတ်ကူးဉာဏ်စွမ်းများဖြင့် တံဆိပ်ခေါင်းဒီဇိုင်းများ ပေါ်ထွက်လာရန်ရည်ရွယ်၍ ကိုရီးယားသမ္မတနိုင်ငံ စာပို့တိုက်ဌာန(Korea Post)၏အစီအစဉ်ဖြင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ကြီးမှူးကျင်းပမည့် နိုင်ငံတကာ စာပို့တံဆိပ်ခေါင်း ဖိတ်ခေါ်ပြိုင်ပွဲတွင် စိတ်ပါဝင်စားသူများ ပါဝင်ယှဉ်ပြိုင်နိုင်ကြသည်။

ပြိုင်ပွဲကို အတန်းနှစ်တန်းဖြင့် ကျင်းပမည်ဖြစ်ရာ ပထမအတန်း (Youth category)ကို "Asia that becomes one through stamp" **(တံဆိပ်ခေါင်းများမှတစ်ဆင့်ပေါင်းစည်းချစ်ကြည်လာသောအာရှ)** ခေါင်းစဉ်ဖြင့် အသက်(၁၇)နှစ်နှင့်အောက် လူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ကြပြီး ဒုတိယအတန်း(General category)ကို "Love for the Earth" **(ကမ္ဘာမြေကိုကာကွယ်စောင့်ရှောက်မည့်ချစ်ခြင်းမေတ္တာ)**ခေါင်းစဉ်ဖြင့် အသက်ကန့်သတ်ချက်မရှိ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကြသည်။ "Asia that becomes one through stamp" ခေါင်းစဉ်သည် အာရှနိုင်ငံပေါင်း ၃၀ ခန့်မှ လာရောက်ဆင်နွှဲကြမည့် တံဆိပ်ခေါင်း ယှဉ်ကျေးမှုပွဲတော်တစ်ရပ်ဖြစ်သည့် ၂၀၀၉ခုနှစ် (၂၄)ကြိမ်မြောက် အာရှနိုင်ငံတကာ တံဆိပ်ခေါင်းပြပွဲ (PHILA KOREA 2009 24th Asian International Stamp Exhibition)မှတစ်ဆင့် အာရှဒေသ ပြည်သူများအတွင်း သဟဇာတဖြစ်မှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ဖော်ကျူးလိုခြင်းဖြစ်သည်။ "Love for the Earth" ခေါင်းစဉ်၏အကြောင်းခြင်းရာမှာ ကမ္ဘာကြီး ပူနွေးလာမှုကဲ့သို့သော ပတ်ဝန်းကျင်ဆိုင်ရာ ပြောင်းလဲဖြစ်ပေါ်မှုများကို တုံ့ပြန်တားဆီးရန် ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် ၂၀၀၇ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိနှစ်များကို "မြေကမ္ဘာနှစ်များ- Years of Earth" အဖြစ် ကမ္ဘာ့ကုလသမဂ္ဂက ထုတ်ပြန်ကြေညာချက်နှင့်အညီ **"ကျန်းမာကြံ့ခိုင်၍ ဘေးကင်းလုံခြုံပြီး ပြည့်စုံကြွယ်ဝသော ကမ္ဘာရွာ၏ စံနမူနာတစ်ရပ်"** အဖြစ် ဖော်ကျူးပေးလိုခြင်းဖြစ်သည်။

ပြည်တွင်းအဆင့် ပထမဆုရဒီဇိုင်းများကို Korea Post သို့ပေးပို့ယှဉ်ပြိုင်မည်ဖြစ်ပြီး နိုင်ငံတကာအဆင့်တွင် အတန်းတစ်တန်းစီအတွက် အကောင်းဆုံးဆု(Grand Prize)တစ်ဆု၊ ထူးချွန်ဆု (Award of Excellence) ဆုတစ်ဆု၊ ဂုဏ်ပြုဆု(Honorable mention) ဆုနှစ်ဆုတို့နှင့်အတူ ပထမအတန်းတွင် ရရှိသောဆုများ၏ ဒီဇိုင်းများကိုညွှန်ကြား ပြသပေးသူများအတွက် ဆရာဆုအနေဖြင့် (Award for the Guidance Teacher) ဆုငါးဆုတို့ကို ချီးမြှင့်မည်ဖြစ်သည်။ ဆုငွေအနေဖြင့် အနိမ့်ဆုံး ကိုရီးယားဝမ် နှစ်သိန်းမှ အမြင့်ဆုံး ဝမ်သိန်း ၃၀ အထိ အသီးသီးချီးမြှင့်သွားမည်ဖြစ်သည်။ အကောင်းဆုံးဆု (Grand Prize) ဆုရဒီဇိုင်းပုံကို ၂၀၀၉ ခုနှစ်အတွင်း ကိုရီးယားသမ္မတနိုင်ငံ စာပို့တိုက်(Korea Post)မှ စာပို့တံဆိပ်ခေါင်းများအဖြစ် ထုတ်ဝေသွားမည်ဖြစ်သည်။

ပြည်တွင်းအဆင့် ဆုအနေဖြင့် ဆုရဒီဇိုင်းများကို ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုနှစ်ဆု၊ နှစ်သိမ့်ဆုငါးဆု ရွေးချယ်သတ်မှတ်၍ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ချီးမြှင့်မည်ဖြစ်သည်။ ပထမ၊ ဒုတိယနှင့် တတိယဆုရ ဒီဇိုင်းများအနက် တံဆိပ်ခေါင်းထုတ်ဝေရန် သင့်လျော်မှုရှိသောပုံများကို ကမ္ဘာ့စာပို့တိုက်နေ့ဖြစ်သည့် ၂၀၀၉ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် အထိမ်းအမှတ်တံဆိပ်ခေါင်း (Commemorative stamp) များအဖြစ် ထုတ်ဝေပေးသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင် အသေးစိတ်အချက်အလက်များမှာ- ပါဝင်ယှဉ်ပြိုင်သူတစ်ဦးအတွက် ပြိုင်ပွဲဝင်မည့် ဒီဇိုင်းအရေအတွက်ကို ကန့်သတ်ထားခြင်းမရှိပါ။ ဒီဇိုင်းပုံစံကို ၁၅ စင်တီမီတာ x ၂၀စင်တီမီတာ အတိုင်းအတာရှိသော စာရွက်ပေါ်တွင် အလျားလိုက် (သို့မဟုတ်) ဒေါင်လိုက်ရေးဆွဲနိုင်ပြီး A4-Size ကတ်ထူပြားကို ဒီဇိုင်းပုံစံအောက်ခံပြားအဖြစ် အသုံးပြုရမည်။

ပြိုင်ပွဲဝင်သူနှင့် ပတ်သက်သည့်အသေးစိတ်အချက်အလက်များကို Application form တွင်ဖြည့်စွက်၍ ဒီဇိုင်းပုံ၏ နောက်ကျောတွင်ဖော်ပြရမည်။ ဒီဇိုင်းသက်သက်ကိုသာ ရေးဆွဲရန်ဖြစ်ပြီး ဒီဇိုင်းပေါ်တွင်မည်သည့်စာသား၊ သင်္ကေတအမှတ်အသားကိုမျှ ထည့်သွင်းရေးဆွဲဖော်ပြပေးရန်မလို(မလို)ပါ။ ဒီဇိုင်းသည် ကိုယ်ပိုင်ဖန်တီးမှုနှင့် မိမိကိုယ်တိုင် ရေးဆွဲထားခြင်းဖြစ်ရမည်။ဆုရရှိဖူးသည့်ဒီဇိုင်းများကို ပြန်လည်အသုံးချခြင်းမဖြစ်စေရပါ။

ပြိုင်ပွဲဝင်ဒီဇိုင်းပုံများကို ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ကြီးမှူးဖွဲ့စည်းထားသော စိစစ်ရေးအဖွဲ့က စိစစ်ရွေးချယ်ကာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၏ အတည်ပြုချက် ရယူမည်ဖြစ်သည်။ ဖော်ပြပါ တံဆိပ်ခေါင်းဒီဇိုင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုကြသူများသည် သက်ဆိုင်ရာက သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်ကိုက်ညီသည့် ဒီဇိုင်းများကို ဒီဇိုင်းပုံထည့်သွင်း ပေးပို့မည့်စာအိတ်၏ လက်ဝဲဘက်ထိပ်တွင် **"နိုင်ငံတကာပြိုင်ပွဲဝင်မည့် ဒီဇိုင်းပုံများ"** ဟူသည့် အမှတ်အသားပြု စာတမ်းရေးသား၍ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန စာပို့တိုက်ဌာနခွဲရုံး အမှတ်(၂)အထူးဖွံ့ဖြိုးရေးဇုန် နေပြည်တော်သို့ စက်တင်ဘာ၉ရက်အရောက် ကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှအမြန်ချောဖြင့်ဖြစ်စေ ပေးပို့နိုင်ကြကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အထက်ပါရုံးသို့ ကိုယ်တိုင်ဖြစ်စေ၊ ဖုန်း ၀၆၇-၄၀၇၂၂၈ နှင့် ၀၆၇-၄၀၇၂၅၁ တို့သို့ဖြစ်စေ မေးမြန်းစုံစမ်းနိုင်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

မှတ်ဖွယ်မှတ်ရာ ဤကမ္ဘာ

ကမ္ဘာ့အတိုဆုံးလမ်း

အဓိကလမ်းကြီးများ၏ အရှည်ကို မိုင်၊ ကီလိုမီတာတို့ဖြင့်လည်းကောင်း၊ မြို့ရွာရပ်ကွက်တို့မှ လမ်းများကို ပေ၊ ကိုက်ဖြင့်လည်းကောင်း သတ်မှတ်ဖော်ပြကြသည်။ ကမ္ဘာအရပ်ရပ်မှ ထိုထိုသော လမ်းရှည်၊ လမ်းတိုများအနက် စကော့တလန်နိုင်ငံ ကိတ်သ်နက်သ်မှလမ်းမှာမူ ကမ္ဘာပေါ်တွင် အတိုဆုံးလမ်းအဖြစ် ကမ္ဘာ့မှတ်တမ်း၌ ဖော်ပြခြင်းခံရသည်။ လမ်းအရှည်မှာ(၆)ပေနှင့် (၉)လက်မသာရှိသည်။ အဆိုပါလမ်းပေါ်တွင် နေအိမ်အဆောက်အအုံဟူ၍ အိမ်နံပါတ်(၁) အိမ်တစ်လုံးသာ ရှိသည်။ **(ယာပုံ)**

လူဦးရေအများဆုံးနှင့် အနည်းဆုံး ၁၀ နိုင်ငံ

ကမ္ဘာ့လူဦးရေသည် ၂၀၀၇ ခုနှစ် နှစ်လယ်ကာလက အမေရိကန် သန်းခေါင်စာရင်းဗျူရို၏ဖော်ပြချက်အရ သန်းပေါင်း ၆၆၀၀ ကျော် (၆၆၀၂၂၇၄၈၁၂)ရှိကြောင်း သိရသည်။ လူဦးရေ အများဆုံးနိုင်ငံမှာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံဖြစ်ပြီး ကမ္ဘာ့လူဦးရေ စုစုပေါင်း၏ ငါးပုံတစ်ပုံ ရှိသည်။ ကမ္ဘာ့လူဦးရေ အနည်းဆုံးနိုင်ငံမှာ ဗာတီကန်စီးတီး ဖြစ်သည်။ ကမ္ဘာ့လူဦးရေအများဆုံးနှင့်အနည်းဆုံး ၁၀ နိုင်ငံကို တစ်ဖက်ပါအတိုင်း ဖော်ပြလိုက်သည်-

ကမ္ဘာ့လူဦးရေအများဆုံး ၁၀ နိုင်ငံ

အဆင့်	နိုင်ငံ	လူဦးရေ
၁။	တရုတ်	၁၃၂၁၈၅၁၈၈၈
၂။	အိန္ဒိယ	၁၁၂၉၈၆၆၁၅၄
၃။	အမေရိကန်	၃၀၁၁၃၉၉၄၇
၄။	အင်ဒိုနီးရှား	၂၃၄၆၉၃၉၉၇
၅။	ဘရာဇီး	၁၉၀၀၁၀၆၄၇
၆။	ပါကစ္စတန်	၁၆၄၇၄၁၉၂၄
၇။	ဘင်္ဂလားဒေ့ရှ်	၁၅၀၄၄၈၃၃၉
၈။	ရုရှား	၁၄၁၃၇၇၇၅၂
၉။	နိုင်ဂျီးရီးယား	၁၃၅၀၃၁၁၆၄
၁၀။	ဂျပန်	၁၂၇၄၃၃၄၉၄

ကမ္ဘာ့လူဦးရေအနည်းဆုံး ၁၀ နိုင်ငံ

အဆင့်	နိုင်ငံ	လူဦးရေ
၁။	ဗာတီကန်စီးတီး	၈၂၁
၂။	တူဗာလူ	၁၁၉၉၂
၃။	နော်ရူ	၁၃၅၂၈
၄။	ပါလာအူ	၂၀၈၄၂
၅။	ဆန်မာရီနို	၂၉၆၁၅
၆။	မိုနာကို	၃၂၆၇၁
၇။	လီချင်စတိန်း	၃၄၂၄၇
၈။	စိန့်ကစ်နှင့်နီဗစ်	၃၉၃၄၉
၉။	မာရှဲလ်ကျွန်း	၆၁၈၁၅
၁၀။	အင်တီဂွါနှင့် ဘာဘူဒါ	၆၉၄၈၁

သမဂ္ဂါနံ တပေါ သုခေါ

စည်သူအောင်

အခုလို ဝါဆိုဝါခေါင်မှာ ပဇ္ဇုန်မိုးက ဂျိုးဂျိုးဂျိမ့်ဂျိမ့်မြည်သံပေးလာတဲ့အခါတိုင်း **"နတ်စည်ငယ်လေ၊ ပုစွန်လက်ရိုး အလမ္ဗရာ"**အစချီတဲ့ 'သခွပ်ပန်း' သီချင်းကို သတိရမိပါတယ်။ **"သခွပ်ဖြူစွာ၊ အပွင့်ကိုသာ မြင်တော့မှ၊ ဝတီတွင် မဟုတ်ပါလားဟရို့ရဲ့၊ သေနင်ဗျူဟာ၊ နတ်သူရာမင်းရယ်လေ၊ စစ်ခင်းပြုမယ်လာ၊ ရှေးရှုဝတီသာ"** ဆိုတဲ့အတိုင်း သခွပ်ပွင့်ဖြူဖြူတွေမြင်မှ ကသစ်နီနီပွင့်တဲ့ တာဝတိံသာမဟုတ်မှန်းသိလို့ စစ်ချီ ကြတဲ့ အသူရာတွေနဲ့ တာဝတိံသာရဲ့ အရှင်သခင်သစ်သိကြားမင်းရဲ့ နတ်စစ်သည်တွေ သခွပ်ပွင့်တိုင်း အလမ္ဗရာစည်ကြီးတီးခတ်ပြီး စစ်တိုက်ကြတဲ့ မြင်ကွင်းကို ဒီသီချင်း စာသားကလေးကဟာသန္နောပြီး သရုပ်ဖော်ထားတာပါ။

၁၉၈၈လွန် မြန်မာ့နိုင်ငံရေးမှာလည်း နှစ်တိုင်းလိုလို သခွပ်ပွင့်တိုင်း အသူရာတွေ စစ်ရေးငင်ကြသလို မိုးသံလေသံ ကြားပြီဆိုတာနဲ့ ဆူဖို့ပူဖို့ မငြိမ်သက်မှုတွေ ဖန်တီးဖို့ နိုင်ငံရေးရာသီက စတော့တာပါပဲ။ ဇူလိုင် (၇)၊ ဇူလိုင် (၁၉)၊ ဩဂုတ် (၈)၊ စက်တင်ဘာ(၁၈) နှစ်ပတ်လည် အမျိုးမျိုးကို အကြောင်းပြုပြီး မိုးအကုန် ဆောင်းအကူး လွတ်လပ်ရေးနေ့ နှစ်သစ်ကူးတဲ့အထိ အပြင်ကတစ်မျိုး အတွင်းကတစ်ဖုံ အမျိုးစုံအောင်'ဖွ'ကြလေ့ရှိပါတယ်။

နှစ်တွေသာ ပြောင်းခဲ့ပေမယ့် ဒီရောဂါဟောင်းကတော့ အခုထက်ထိအောင် အကင်းသေတာ မတွေ့ရသေးပါဘူး။ ဒီနှစ်မှာတော့ လေမုန်တိုင်း'နာဂစ်' နဲ့ အခြေခံဥပဒေသစ် ဆန္ဒခံယူပွဲတို့ပါ ကြုံရပြန်လေတော့'အသူရာ'တွေ အတိုးချပြီး ပိုးထတော့တာပေါ့။ 'ရောဝတီအရေးကို တစ်ပြည်လုံးအရေးဖြစ်အောင်လုပ်ရမယ်' ဆိုတာတို့၊ 'The Winds of Regime Change ဆိုတာတို့ 'ဧဝရလဒ်ကို အတင်းအကျပ်ပယ်ဖျက်ရင် မီးဟုန်းဟုန်းတောက်သွားစေရမယ်' ဆိုတာတို့ စုံနေတာပါပဲ။

ကြည့်ရပုံကတော့ နာဂစ်ရဲ့အရှိန်ကိုယူပြီး ၂၀၁၀မှာ နိုင်ငံတော်သစ်အခြေမကျမီ မရရတဲ့နည်းနဲ့ လှုပ်ခါဖျက်ဆီး အပြောင်းအလဲကြီး တစ်ရပ်ဖန်တီးချင်တဲ့သဘောလို့ စဉ်းစားရပါတယ်။ မရရတဲ့နည်းလို့ဆိုရာမှာ ပြည်သူအများ စီးနင်းသွားလာတဲ့ ယာဉ်ရထားတွေ၊ ပြည်သူအများဝင်ထွက်သွားလာတဲ့ ကုန်တိုက်၊ ဈေး၊ ပွဲခင်း၊ အဆောက်အအုံတွေမှာ ဗုံးခွဲတာကအစ နိုင်ငံခြားတိုင်းပြည်တွေရဲ့ ဖိအားပေးပိတ်ဆို့မှုနဲ့ ဆန္ဒပြဆူပူတဲ့နည်း၊ သွေးထွက်သံယိုနည်းတွေအဆုံး ဖြစ်နိုင်သမျှ အနုအကြမ်းနည်းလမ်းတွေအားလုံး ပါဝင်လိမ့်မယ်လို့ ယူဆရပါတယ်။

ဒီနေရာမှာ **အပြောင်းအလဲတစ်ခုကို ဖန်တီးတယ်ဆိုတာ အဟောင်းတစ်ခုလုံးကို ဖြိုချဖျက်ဆီးပြီးမှ အသစ်တစ်ခုကို တည်ဆောက်ယူတဲ့နည်းနဲ့ အဟောင်းတွေရဲ့နေရာမှာ အသစ်တွေကို အခြေမပျက်အစားထိုးသွားတဲ့ နည်းဆိုပြီးတော့ နည်းနှစ်နည်းရှိနိုင်ပါတယ်။**

ဖျက်ပြီးမှ ပြန်ဆောက်တဲ့နည်းဟာ အပြောလွယ်သလောက် အန္တရာယ်များလှပါတယ်။ ဘယ်အရာမဆို ဖျက်ဆီးရတာလွယ်ပါတယ်။ ပြန်လည်တည်ဆောက်ရတာတော့ ခက်တာချည်းပါပဲ။ ပြီးတော့လည်း ဖျက်ရတာမြန်သလောက် တည်ဆောက်ရတာက ကြာတတ်ပါတယ်။ အခုဖြစ်သွားတဲ့ နာဂစ်မုန်တိုင်းကိုပဲ ကြည့်ပါတော့။ မုန်တိုင်းဝင်မွှေသွားတာက နာရီပိုင်းကလေးပါပဲ။ ဒီအချိန်အတိုင်းအတာအတွင်းမှာ ပျက်စီးဆုံးရှုံးသွားခဲ့ရတာကတော့ စာဖွဲ့လို့မကုန်နိုင်လောက်အောင်ပါပဲ။ ဒီအပျက်အစီးတွေကြားကနေ တစ်နိုင်ငံလုံးက ဝိုင်းပြီးလုပ်ခဲ့ကြရတဲ့ ကယ်ဆယ်ရေးနဲ့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေဟာ ပမာဏကြီးမားသလောက် အချိန်လည်းယူပြီးလုပ်ဆောင်ကြရဦးမှာပါ။

ဒီကနေ့ကမ္ဘာမှာ အီရတ်တို့၊ အာဖဂန်နစ္စတန်တို့လို နိုင်ငံတွေကို ကြည့်မယ်ဆိုရင် အခုပြောပြောနေကြတဲ့ အစိုးရအပြောင်း အလဲ (Regime Change)ဆိုတာကို ဖျက်ပြီးမှ ပြန်ဆောက်တဲ့စနစ်နဲ့ အပြင်ဘက် အင်အားကြီးနိုင်ငံတွေက အတင်းအကျပ် အင်အားသုံးဆောင်ရွက်ခဲ့ ကြတာပါပဲ။ တိကျပဲ့ထိန်းစနစ်သုံး ဒုံးကျည်တွေ၊ ဗုံးတွေနဲ့ ခေတ်မီစစ်လက်နက်တွေသုံးပြီး တိုက်ခိုက် ဗုံးကြဲဖျက်ဆီးခဲ့လို့ အဲဒီနိုင်ငံတွေရဲ့ အစိုးရအဖွဲ့ဟောင်း အပေါ်ထပ်အဆောက်အအုံတွေ သာမက လူမှုစီးပွားရေးအခြေခံတွေအားလုံးပါ ရက်ပိုင်းလပိုင်း အတွင်း ညက်ညက်ကြေအောင် ပျက်စီးသွားခဲ့ကြပါတယ်။ အဲဒီလို အဟောင်းမှန်သမျှ အကုန်ဖျက်ပြီးတော့မှ နိုင်ငံကြီးတွေက သူတို့ရဲ့ စိတ်ကြိုက်မူဝါဒတွေ နည်းစနစ်တွေနဲ့ လူတွေကို စိတ်တိုင်းကျ ရွေးချယ်ပြီးတော့ ပြန်လည်တည်ဆောက်ပေးခဲ့တာပါ။

ဒါပေမယ့် ဒီနေ့ဒီအချိန်မှာ ဒီနိုင်ငံတွေဘာဖြစ်နေသလဲ။ ပြန် လည် တည်ဆောက်ရေးတွေ ဘယ်လောက်အောင်မြင်နေပြီလဲ။ အားလုံးသိကြ၊ မြင်ကြတဲ့အတိုင်းပါပဲ။ အာဖဂန်နစ္စတန်ဆိုရင် ပြန်လည်တည်ဆောက်နေတာ ခုနစ်နှစ်ရှိပေမယ့် အခုအချိန်ထိ တိုင်းသူပြည်သားတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကိုမပြောနဲ့ သမ္မတရဲ့ အသက်ဘေးလုံခြုံမှုကိုတောင်မှ အာမခံချက်မပေးနိုင်သေးတာ တွေ့ရပါတယ်။ အီရတ်မှာလည်း အတူတူပါပဲ။ ကိုယ့်အိမ်သားတွေ ဈေးသွားရင်တောင်မှ အိမ်ပြန်ရောက်လာပါ့မလားဆိုတာ တွေးပူနေကြရတုန်းပါ။ အစိုးရအဖွဲ့တစ်ခုကို မပြောနဲ့၊ အိုလံပစ်ကော်မတီတစ်ခုကိုတောင်မှ ညီညီညွတ်ညွတ်မဖွဲ့စည်းနိုင်လို့ အခုအိုလံပစ်အားကစားပွဲမှာ ပြိုင်ပွဲဝင်ဖို့စာရင်းမသွင်းနိုင်တဲ့ဘဝမျိုးရောက်ခဲ့ရပါတယ်။ ဒီနှစ်နိုင်ငံမှာ စစ်အသုံးစရိတ်တွေဒေါ်လာဘီလီယံပေါင်းရာနဲ့ချီပြီးသုံးနေပေမယ့် ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးကတော့ အလှမ်းဝေးနေတုန်းပါပဲ။ တိုင်းပြည်တိုးတက် ဖွံ့ဖြိုးဖို့ဆိုတာကတော့ စဉ်းစားဖို့တောင်မလိုသေးပါဘူး။

ဒီလောက်အထိ ရှည်ရှည်ဝေးဝေးပြောနေရတာကတော့ မသိနားမလည်လို့ပဲဖြစ်ဖြစ်၊ လူအထင်ကြီးလောက်တဲ့ ဝါဒသဘောတရားတွေ ဇန်းပြပြီး မှိုင်းတိုက်ခံထားရလို့ပဲဖြစ်ဖြစ်၊ အဖျက်လုပ်ငန်းတွေကို 'တော်လှန်ရေး'လို့ ခေါင်းစဉ်တလွဲတပ်ပြီး အမှတ်မှား၊ အသိမှား၊ အစွဲအယူမှားနေတဲ့ သားချင်းမိတ်ဆွေတွေကို သေသေချာချာ ပြန်ပြီးစဉ်းစားစေချင်လို့ စေတနာနဲ့ ပြောပြနေခြင်းဖြစ်ပါတယ်။

ရိုးရိုးလေးပြောရမယ်ဆိုရင်တော့ အလုပ်တစ်ခုဟာ မိမိအကျိုး၊ သူတစ်ပါးအကျိုး၊ အများပြည်သူအကျိုး ရှိ၊ မရှိဆိုတာ ရှင်းရှင်းလင်းလင်းစိတ်ချယုံကြည်နိုင်မှ အပြစ်ကင်းတဲ့အလုပ်၊ ကောင်းမြတ်တဲ့အလုပ်ကို ရွေးချယ်နိုင်မှာပါ။ ဥပမာ-ခရီးသည်တင် ကားတစ်စီးမှာ ဗုံးထည့်ပြီး ဖောက်ခွဲလိုက်လို့ ဖောက်ခွဲသူမှာ ဘာအကျိုးများရှိပါသလဲ။ လတ်တလော ငွေကြေးစသည့် အကျိုးရှိကောင်းရှိပေမယ့် ကိုယ်ဟာ ပြစ်မှုကျူးလွန်သူဖြစ်သွားပြီး ဥပဒေအရ အရေးယူအပြစ်ပေးခံရဖို့ ရင်ဆိုင်ရတော့မှာဖြစ်ပါတယ်။ ကိုယ့်ကိုယ်ကိုယ်သူရဲကောင်းလို့ ထင်ချင်ထင်နေလိမ့်မယ်။ ဒါပေမယ့် တကယ်ကတော့ သူတစ်ပါးအသက်ကို အကြောင်းမဲ့သတ်တဲ့ အကြမ်းဖက် ရာဇဝတ်ကောင်ပါပဲ။ ဒီလိုလုပ်လိုက်လို့ သေဆုံးသွားရသူတွေ၊ ဒဏ်ရာရသွားသူတွေဟာ ကိုယ်နဲ့ ငြိုးသူရန်ဘက်လည်းမဟုတ်ဘဲ ဘာကိစ္စများ ဒီလို အဓိပ္ပာယ်မဲ့ ရက်စက်ကြမ်းကြုတ်တဲ့လုပ်ရပ်ကို လုပ်မိပါလိမ့်လို့ စဉ်းစားကြည့်လိုက်ရင် ကိုယ်လုပ်တာ ကောင်းမြတ်တဲ့အလုပ် ဟုတ်၊ မဟုတ် ဝေဖန်ပိုင်းခြားနိုင်ပါလိမ့်မယ်။ ဒီလိုလုပ်ရတာ အများအကျိုးအတွက်ပါ၊ သာယာဝပြောတဲ့ ဒီမိုကရေစီနိုင်ငံသစ်ကြီး မြန်မြန်ပေါ်ပေါက်လာအောင်လို့ တော်လှန်ရေးလုပ်ရတာပါလို့ ဆင်ခြေတက်ချင်တယ်ဆိုရင်လည်း သေချာပြန်စဉ်းစားလိုက်ပါဦး။ အဲဒီမစားရဝခမန်း ဒီမိုကရေစီနိုင်ငံသစ်ကြီးက တကယ်ရော ဒီလိုလုပ်ရင် ရောက်လာမှာတဲ့လား။ သေချာတာကတော့ ပြည်သူပြည်သားတွေ ထိတ်လန့်ချောက်ချား အသွားအလာ အနေအစားပျက်ပြီး အလုပ်အကိုင်တွေ ခက်ခဲတာပဲ အဖတ်တင်မှာပါ။

လူအုပ်စုဖွဲ့ ဆူပူအုံကြွမှုတွေဆိုတာလည်း ဒီအတိုင်းပါပဲ။ နောက်ဆုံးတော့ ထိန်းမနိုင်သိမ်းမရနဲ့မင်းမဲ့စရိုက်လွှမ်းမိုးနေတဲ့ ထင်ရာစိုင်းလူရိုင်းအုပ်စုကြီးဘဝကို ရောက်သွားကြတာပါပဲ။ ၈၈ခုနှစ်အရေးအခင်းကို အသာထားလို့ အခုလတ်တလောဖြစ်သွားခဲ့တဲ့ ကင်ညာနိုင်ငံကဖြစ်ရပ်မျိုးကိုပဲကြည့်ပါ။ တစ်နေရာတည်းမှာ စုပြုံပုန်းအောင်းနေကြတဲ့ ခိုကိုးရာမဲ့ ဒုက္ခသည် လူငါးဆယ်ကျော်လောက်ကို အရှင်လတ်လတ် တံခါးပိတ်ပြီး မီးရှို့သတ်ဖြတ်ခဲ့တာမျိုးတွေဟာ နိုင်ငံရေးအရဆန့်ကျင် အုပ်ဖွဲ့ဆူပူမှုတွေကစခဲ့တာပါပဲ။

ကိုယ့်တိုင်းပြည်ကို စီးပွားပျက်အောင် အကူအညီတွေမပေးဖို့၊ ပိတ်ဆို့အရေးယူဖို့ ကုန်သွယ်မှုတွေဖြတ်တောက်ဖို့ တောင်းဆိုနေတာကရော ဘာထူးသလဲ။ ကိုယ့်နိုင်ငံသားတွေ ကိုယ့်ဆွေမျိုးတွေရဲ့လည်ပင်းကို ကိုယ်ပြန်ညှစ်နေရာမကျပေဘူးလား။

နိုင်ငံရေးအာဏာဆိုတဲ့ ပင်မြင့်ထက်က ပန်းသဇင်ကို လိုချင်တယ်ဆိုရင် ပြည်သူလူထုရဲ့ ဆန္ဒမဲဆိုတဲ့ တံချူနဲ့ အသာအယာချူနိုင်တာ အကောင်းဆုံးပါပဲ။ ကိုယ်လိုချင်တာရဖို့ တစ်ခုတည်းသိပြီး ပင်စည်ကိုခုတ်၊ အကိုင်းအခက်တွေကိုလှုပ်ခြွေမယ်ဆိုရင်တော့ အပင်လည်းသေ ပန်းလည်းကြွေပြီး တစ်စစီကြေမွသွားမှာမို့ ဘာအကျိုးမှ မရှိနိုင်ပါဘူး။

ဒီလုပ်ရပ်မျိုးတွေဟာ ကိုယ့်တိုင်းပြည်ကို တကယ်ချစ်တဲ့၊ ကိုယ့်ပြည်သူတွေကို ကောင်းစားစေချင်တဲ့ စေတနာမှန်နဲ့ လုပ်ရပ်ဟုတ်၊ မဟုတ်မိမိတို့ဘာသာစစ်တမ်းထုတ်ကြည့်ကြစေချင်ပါတယ်။ မသမာသူတွေရဲ့လက်ကိုင်တုတ်ဘဝနဲ့ ကိုယ့်တိုင်းပြည်ကိုကိုယ်ပြန်ပြီးဒုက္ခပေးရတဲ့ အဖြစ်မျိုးကတော့ ရင်နာဖို့ကောင်းလှပါတယ်။

တကယ်တမ်း တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်ကောင်းစား စေချင်တယ်ဆိုရင် ဘာဝါဒတွေ ညာဝါဒတွေနောက်ထား၊ မြတ်စွာဘုရားဟောခဲ့တဲ့ အဓိပတိလေးပါးကိုသာ သေချာထူထောင်ကြည့်လိုက်ပါ။ အခက်အခဲဆုံးဖြစ်တဲ့ နိဗ္ဗာန်မဂ်ဖိုလ်ကိုတောင်မှရောက်အောင်ပို့ဆောင်ပေးနိုင်တဲ့ တရားတွေမို့ တိုင်းပြည်ကောင်းစားဖို့ဆိုတာကတော့ ပြောလောက်စရာတောင် မဟုတ်ပါဘူး။

အဲဒီအဓိပတိတရားတွေကတော့ နံပါတ်(တစ်)၊ **'စိတ္တာဓိပတိ'**၊ ခိုင်ခိုင်မာမာ စိတ်ကောင်းရှိဖို့ အဓိကပါ။ စိတ်ကောင်းရှိတယ် ဆိုတာသာမန် လောကီသားတွေအတွက်တော့ ဗြဟ္မစိုရ်တရားလေးပါးရှိရင်ပဲ လုံလောက်ပါပြီ။ အချင်းချင်း ချစ်ခင်စည်းလုံးညီညွတ်ကြ၊ သနားကြင်နာဖေးမကူညီကြ၊ ဝံသာနုရက္ခိတစိတ်နဲ့ အမျိုးသားချင်း စောင့်ရှောက် ကြဖို့ပါ။ နိုင်ငံတကာကို ပြန်ကြည့်ရင် စည်းလုံးညီညွတ်မှုမရှိတဲ့နိုင်ငံတွေဟာ ဘာစနစ်ကိုပဲ ကျင့်သုံးကျင့်သုံး ပြဿနာတစ်ထွေးကြီးနဲ့ နောက်ကျအောက်ကျ ကျန်ရစ်ခဲ့တာတွေ့ရမှာပါပဲ။ စိတ်ဓာတ်တူရင် လုပ်ရပ်တူပါတယ်။ တိုင်းပြည်ကို တကယ်ကြီးပွားစေချင်တဲ့ စိတ်ကသာ ရှေ့ဆောင်ဦးစီးကြီးမှူးထားမယ်ဆိုရင် ကိုယ်ကျိုးစီးပွား စိတ်ထားကွဲလွဲမှုတွေကို နောက်တန်းမှာထားပြီး ညီညွတ်နိုင်ကြမှာ ဖြစ်ပါတယ်။

နံပါတ်(နှစ်)ကတော့ **"ဆန္ဒာဓိပတိ"** ပြင်းပြတဲ့ဆန္ဒရှိဖို့ပါ။ တိုင်းပြည်ကောင်းစားဖို့ အမှန်တကယ် ပြင်းပြတဲ့ဆန္ဒရှိမှ လုပ်ချင်ကိုင်ချင် ကြိုးပမ်းချင်တဲ့ တွန်းအားတွေ ရှိလာမှာပါ။ ကိုယ့်တိုင်းပြည်ကို သူများတိုင်းပြည်၊ သူများလူမျိုးတွေထက် အောက်မကျရအောင် ရင်ပေါင်တန်းပြီး တန်းတူယှဉ်နိုင်အောင်ကြိုးစားကြမှ ဖြစ်မယ်ဆိုတဲ့ အဓိပတိတပ်ပြီး အားကြီးတဲ့ဆန္ဒမျိုး လူတိုင်းမှာ ရှိနေဖို့ လိုပါတယ်။

ဒါမှလည်း နံပါတ်(သုံး) အချက်ဖြစ်တဲ့ **"ဝီရိယာဓိပတိ"**၊ ဇွဲလုံ့လဝီရိယ ပြင်းပြင်းထန်ထန်နဲ့ ကြိုးစားလုပ်ကိုင်လာကြမှာ ဖြစ်ပါတယ်။ ကိုယ့်ရေ၊ ကိုယ့်မြေမှာ သယံဇာတပေါကြွယ်တယ်ဆိုပြီးတော့ ရေသာခိုနေလို့ကတော့ ကိုယ့်နိုင်ငံဟာ ဘယ်တော့မှ ရှေ့တန်း ရောက်မလာနိုင်ပါဘူး။

နံပါတ်(လေး)အချက်ကတော့ **"ဝီမံသာဓိပတိ"**၊ အမှန်၊အမှား ပိုင်းခြားဝေဖန်သိမြင်တတ်တဲ့ ပညာလည်း ကြီးမားဖို့ လိုပါတယ်။ သိပ္ပံခေတ်ကြီးမှာ နည်းပညာပိုင်းက နိုင်ငံတကာနဲ့အမီ လိုက်နိုင်ဖို့လိုသလို ဝိဇ္ဇာဘက်မှာလည်း နိုင်ငံကို လမ်းမှားမရောက်ရအောင် အမြင်ကျယ်ကျယ်နဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ စီမံခန့် ခွဲထိန်းသိမ်းသွားနိုင်ဖို့ လိုပါလိမ့်မယ်။

ဒီလို အဓိပတိလေးပါးတပ်ပြီးတော့ ညီညီညွတ်ညွတ် ပြင်းပြင်းပြပြ ကြိုးပမ်းအားထုတ်လုပ်ကိုင်ကြရင်တောင်မှ ရင်ဆိုင်ကျော်လွှားရမယ့် အခက်အခဲတွေ စိန်ခေါ်မှုတွေက အများကြီးရှိပါသေးတယ်။

ဥပမာအားဖြင့် ရာသီဥတုဖောက်ပြန်မှုဆိုရင် လူသားတွေအနေနဲ့ ဘာမှ တတ်နိုင်တဲ့ကိစ္စမျိုး မဟုတ်ပေမယ့် လူသားအားလုံးရဲ့ နေထိုင်မှုဘဝကို နက်နက်ရှိုင်းရှိုင်း ထိခိုက်သက် ရောက်နေတာ ဖြစ်ပါတယ်။ မိုးခေါင်တာ၊ ရေကြီးတာ၊ မုန်တိုင်းကျတာ၊ ငလျင်လှုပ်တာစတဲ့ သဘာဝဘေးဒဏ်တွေဟာ ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှုကြောင့် ပိုပြီးအဖြစ်များလာသလို ကူးစက်တတ်တဲ့ ရောဂါဘေးတွေလည်း ရာသီဥတု ပြောင်းလဲသွားမှုကြောင့် ပိုပြီးကျယ်ပြန့်လာပါတယ်။

ဒါ့အပြင် ကိုယ်တိုင်မလုပ်သော်လည်း ကိုယ်ပါရောပြီးခံနေရတဲ့ နိုင်ငံတကာ လုံခြုံရေးနဲ့ စီးပွားရေးကိစ္စတွေကလည်း ရှိပါသေးတယ်။ အရှေ့အလယ်ပိုင်းဒေသမှာ ရှုတ်ရှုတ်သဲသဲဖြစ်တာနဲ့ ရေနံလောင်စာဈေးကတက်ပြီး လောင်စာဆီဈေးတက်
မှာ တစ်ကမ္ဘာလုံးက စီးပွားရေးတွေ အ
တွေ့တာ ဖြစ်ပါတယ်။ အဲဒီအထဲက
တစ်နွယ်ငင် တစ်စင်ပါတက်လာတဲ့အ
ပိုင်မဖူလုံသေးတဲ့ နိုင်ငံတွေမှာ ပြသ
တယ်။

ဒီလို အခြေအနေမျိုးမှာ နိုင်ငံသစ်
ပစ်ပြီးမှ အသစ်ပြန်တည်ဆောက်မယ်ဆိ
သင့်တော်ပါရဲ့လား။ အချင်းချင်းမ
ရှေ့တန်းတင်ပြီး ရန်မီးပွားနေလို့ ဖြစ်
များလှတဲ့ ဒီခေတ်ကာလကြီးထဲမှာ တို
နဲ့ မထူထောင်နိုင်ဘဲ အချင်းချင်း စိတ်
ပညာ မြင့်မားတဲ့ လူသားတွေလို့ ခေါ်
စေချင်ပါတယ်။

လောကကြီးမှာ ပုထုဇဉ်လူသားမှ
အပြစ်ကင်းကြတာ မဟုတ်ပါဘူး။ သူတ
သလောက် ကိုယ့်အပြစ်ကိုယ်ပြန်မြင်ဖို့
ရန်ငြိုးဖွဲ့အာဃာတထားဖို့ လွယ်သလေ
ပါတယ်။ ဘာလို့လဲဆိုတော့ ကောင်း
စိတ်ယုတ်တွေကို တွန်းလှန်ပြီး ရေဆ
ဒါပေမယ့် ဒီအလုပ်တွေဟာ ခက်ခဲသ
အကျိုး၊ အများအကျိုးကို ဖြစ်စေနိုင်တဲ့
ဟာ ခက်ခဲတဲ့အလုပ်တွေကို ရွေးချယ်
ထမ်းခဲ့ကြတာပါ။ ဒါကို ပါရမီဖြည့်တ

ရင့်မာတဲ့ သူတော်ကောင်းကြီး
တွေ မဖြည့်မကျင့်နိုင်ရင်တောင်မှ
ကောင်းကျိုးတွေ သေချာဝေဖြာစေနိုင်
တွေကို ခက်ခဲပေမယ့် ကြိုးစားလုပ်ဆေ
ခေါ် နတ်သာစုခေါ် ဝမ်းမြောက်ကြ

သတ္တဝါအချင်းချင်း ရန်ငြိုးမပွား
ကျင့်ကြံနေထိုင်ကြတာကို မြတ်စွာဘု
သုခရစေတဲ့ အကြောင်းရင်းအဖြစ် ချီး
ဂါထာနံပါတ်(၁၉၅)မှာ "သမဂ္ဂါနံ တ
အညီအညွတ်ကျင့်ခြင်းသည်လည်း ချ
အကြောင်းရင်းစစ်ကေန်ပင်ဖြစ်၏"

ဒါနဲ့ပတ်သက်လို့ နပ္ပိယသုတ္တန်
ဟောကြားတဲ့ ဖားအောက်တောရ ဆ
နှင့်' ဆိုတဲ့ တရားကျမ်းစာမှာ ရွာသူရွာ
မြို့သား တို့၏ ညီညွတ်ခြင်း၊ တိုင်းသူ
ကမ္ဘာသူကမ္ဘာသားတို့၏ ညီညွတ်ခြင်
ညီညွတ်ခြင်းတို့သည်လည်း ချမ်းသ
အကြောင်းရင်းတစ်ခုပင် ဖြစ်ပေသည်
တယ်။

နိဂုံးချုပ်ရမယ်ဆိုရင်တော့ လူ့အဖွဲ့
ညွတ်ချစ်ချစ်ခင်ခင် (ခက်ခဲသော်လည်
ကို အညီအညွတ် အားထုတ်ကျ
လောကုတ္တရာ ချမ်းသာအဝဝကို ခံစ

'သမဂ္ဂါနံ တပေါ သုခေါ' ဆိုတဲ့
ဒေသနာတော်နဲ့အညီ မြန်မာအမျိုးက
အားလုံး ညီညီညွတ်ညွတ်ချစ်ချစ်ခင်
ကျင့်စဉ်တွေကို ကျင့်သုံးရင်း ချမ်
နိုင်ငံတော် သစ်ကြီးကို ထူထောင်ကြ
တယ်။

တကယ်တမ်း တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်ကော
တယ်ဆိုရင် ဘာဝါဒတွေ ညာဝါဒတွေနောက်ထား၊
ဟောခဲ့တဲ့ အဓိပတိလေးပါးကိုသာ သေချာထူထောင်
အခက်အခဲဆုံးဖြစ်တဲ့ နိဗ္ဗာန်မဂ်ဖိုလ်ကိုတောင်မှ
ဆောင်ပေးနိုင်တဲ့ တရားတွေမို့ တိုင်းပြည်ကောင်းစားဖို့
ပြောလောက်စရာတောင် မဟုတ်ပါဘူး

ဈေးကတက်ပြီး လောင်စာဆီဈေးတက်တာနဲ့ တစ်ဆက်တစ်စပ်တည်းမှာ တစ်ကမ္ဘာလုံးက စီးပွားရေးတွေ အားလုံးလိုက်ပြီး အခက်တွေ့ကြတော့တာ ဖြစ်ပါတယ်။ အဲဒီအထဲက စားနပ်ရိက္ခာဈေးနှုန်းတွေကပါ တစ်နှယ်ငင် တစ်စင်ပါတက်လာတဲ့အခါ ဖွံ့ဖြိုးဆဲနိုင်ငံတွေ၊ ရိက္ခာကိုယ်ပိုင်မဖူလုံသေးတဲ့ နိုင်ငံတွေမှာ ပြဿနာတွေ ဖြစ်လာကြရပါတော့တယ်။

ဒီလို အခြေအနေမျိုးမှာ နိုင်ငံသစ်ထူထောင်ဖို့အတွက် လုံးဝဖျက်ပစ်ပြီးမှ အသစ်ပြန်တည်ဆောက်မယ်ဆိုတဲ့ စိတ်ကူးဟာ အမှန်တကယ် သင့်တော်ပါရဲ့လား။ အချင်းချင်းမညီမညွတ်နဲ့ အတ္တအကျိုးကို ရှေ့တန်းတင်ပြီး ရန်မီးပွားနေလို့ ဖြစ်ပါတော့မလား။ စိန်ခေါ်မှုတွေများလှတဲ့ ဒီခေတ်ကာလကြီးထဲမှာ တိုင်းပြည်သစ်ကို ညီညီညွတ်ညွတ်နဲ့ မထူထောင်နိုင်ဘဲ အချင်းချင်း စိတ်ဝမ်းကွဲ၊ ရန်ဖြစ်နေကြရင် အသိပညာ မြင့်မားတဲ့ လူသားတွေလို့ ခေါ်နိုင်ပါဦးတော့မလား စဉ်းစားကြစေချင်ပါတယ်။

လောကကြီးမှာ ပုထုဇဉ်လူသားမှန်သမျှ ဘယ်သူမှ စင်းလုံးချော အပြစ်ကင်းကြတာ မဟုတ်ပါဘူး။ သူတစ်ပါးကို အပြစ်တင်ရတာ လွယ်သလောက် ကိုယ့်အပြစ်ကိုယ်ပြန်မြင်ဖို့ ခက်လှပါတယ်။ သူတစ်ပါးကို ရန်ငြိုးဖွဲ့အာဃာတထားဖို့ လွယ်သလောက် ခွင့်လွှတ်တတ်ဖို့က ခက်လှပါတယ်။ ဘာလို့လဲဆိုတော့ ကောင်းမြတ်တဲ့အလုပ်ဆိုတာ စိတ်ဆိုးစိတ်ယုတ်တွေကို တွန်းလှန်ပြီး ရေဆန်ကိုတက်ရတဲ့ တရားမို့လို့ပါပဲ။ ဒါပေမယ့် ဒီအလုပ်တွေဟာ ခက်ခဲသလောက် မိမိအကျိုး၊ သူတစ်ပါးအကျိုး၊ အများအကျိုးကို ဖြစ်စေနိုင်တဲ့အတွက် သူတော်ကောင်းများဟာ ခက်ခဲတဲ့အလုပ်တွေကို ရွေးချယ်ပြီး လေးလံတဲ့ဝန်ထုပ်တွေကို ထမ်းခဲ့ကြတာပါ။ ဒါကို ပါရမီဖြည့်တယ်လို့ ခေါ်ကြတာပါပဲ။

ရင့်မာတဲ့ သူတော်ကောင်းကြီးတွေလို ခက်ခဲလှတဲ့ ပရမတ္ထပါရမီတွေ မဖြည့်မကျင့်နိုင်ရင်တောင်မှ မိမိအတွက်၊ အများအတွက်၊ ကောင်းကျိုးတွေ သေချာဝေဖြာစေနိုင်မယ့်၊ ကောင်းမြတ်တဲ့လုပ်ရပ်တွေကို ခက်ခဲပေမယ့် ကြိုးစားလုပ်ဆောင်သွားကြမယ်ဆိုရင် လူသာစုခေါ် နတ်သာစုခေါ် ဝမ်းမြောက်ကြည်နူးစရာ ဖြစ်ကြမှာပါ။

သတ္တဝါအချင်းချင်း ရန်ငြိုးမပွား မေတ္တာထားပြီး ညီညီညွတ်ညွတ် ကျင့်ကြံနေထိုင်ကြတာကို မြတ်စွာဘုရားကိုယ်တော်တိုင်က ချမ်းသာသုခရစေတဲ့ အကြောင်းရင်းအဖြစ် ချီးမွမ်းတော်မူခဲ့ပါတယ်။ ဓမ္မပဒဂါထာနံပါတ်(၁၉၅)မှာ "သမဂ္ဂါနံ တပေါ သုခေါ" "ညီညွတ်သူတို့၏ အညီအညွတ်ကျင့်ခြင်းသည်လည်း ချမ်းသာသုခအဝဝကို ရရှိခြင်း၏ အကြောင်းရင်းစစ်ဧကန်ပင်ဖြစ်၏" လို့ ပါရှိပါတယ်။

ဒါနဲ့ပတ်သက်လို့ နပ္ပိယသုတ္တန်တရားဒေသနာတော်ကို ဖွင့်ဆိုဟောကြားတဲ့ ဖားအောက်တောရ ဆရာတော်ဘုရားရဲ့ 'မမုန်းပါစေနှင့်' ဆိုတဲ့ တရားကျမ်းစာမှာ ရွာသူရွာသားတို့၏ ညီညွတ်ခြင်း၊ မြို့သူမြို့သား တို့၏ ညီညွတ်ခြင်း၊ တိုင်းသူပြည်သားတို့၏ ညီညွတ်ခြင်း၊ ကမ္ဘာသူကမ္ဘာသားတို့၏ ညီညွတ်ခြင်း ဤအရပ်ရပ်သော စည်းလုံးညီညွတ်ခြင်းတို့သည်လည်း ချမ်းသာသုခအဝဝကို ရရှိခြင်း၏ အကြောင်းရင်းတစ်ခုပင် ဖြစ်ပေသည်" လို့ ရေးသားထားတော်မူပါတယ်။

နိဂုံးချုပ်ရမယ်ဆိုရင်တော့ လူ့အဖွဲ့အစည်းတစ်ခုဟာ ညီညီညွတ်ညွတ်ချစ်ချစ်ခင်ခင် (ခက်ခဲသော်လည်း) ကောင်းမြတ်တဲ့ အကျင့်တွေကို အညီအညွတ် အားထုတ်ကျင့်ကြံကြမယ်ဆိုရင် လောကီ၊ လောကုတ္တရာ ချမ်းသာအဝဝကို ခံစားကြရမှာ မလွဲတာမို့-

'သမဂ္ဂါနံ တပေါ သုခေါ' ဆိုတဲ့ ဗုဒ္ဓမြတ်စွာဘုရားရဲ့ ဩဝါဒ ဒေသနာတော်နဲ့အညီ မြန်မာအမျိုးကောင်းသား၊ အမျိုးကောင်းသမီး အားလုံး ညီညီညွတ်ညွတ်ချစ်ချစ်ခင်ခင်နဲ့ ကောင်းမြတ်တဲ့ ပြဟ္မစိုရ်ကျင့်စဉ်တွေကို ကျင့်သုံးရင်း ချမ်းသာသုခအဝဝနဲ့ ပြည့်စုံတဲ့ နိုင်ငံတော် သစ်ကြီးကို ထူထောင်ကြပါစို့ လို့ တိုက်တွန်းလိုက်ချင်ပါတယ်။

...ို ဖွံ့ဖြိုးတိုးတက်ကောင်းစား စေချင်
...ဝါဒတွေနောက်ထား၊ မြတ်စွာဘုရား
...သာ သေချာထူထောင်ကြည့်လိုက်ပါ။
...မဂ်ဖိုလ်ကိုတောင်မှရောက်အောင်ပို့
...တိုင်းပြည်ကောင်းစားဖို့ ဆိုတာကတော့
...ဟုတ်ပါဘူး။

၂၀၀၈ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ)ဂျူဒို၊ ကျွမ်းဘားပြိုင်ပွဲဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၃

၂၀၀၈ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ)ဂျူဒို၊ ကျွမ်းဘားပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ သုဝဏ္ဏရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်၍ အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ၂၀၀၈ခုနှစ် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂျူဒို၊ ကျွမ်းဘား ပြိုင်ပွဲဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဖွင့်ပွဲအပြီးတွင် မြန်မာ့လက်ရွေးစင် ဂျူဒိုအားကစားသမားများနှင့် မျိုးဆက်သစ်ကျွမ်းဘား အားကစားမောင်မယ်များ၏ သရုပ်ပြသပွဲနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြိုင်ပွဲ၏ ဂျူဒိုပြိုင်ပွဲ(က) အတန်းပြိုင်ပွဲတို့ကို တိုင်းမှူးနှင့် ဧည့်သည်တော်များက ကြည့်ရှုအားပေးကြသည်။

၂၀၀၈ခုနှစ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂျူဒို/ကျွမ်းဘားပြိုင်ပွဲတွင် (ကြည်း၊ရေ၊လေ) အသင်းပေါင်း ၂၆သင်း ပါဝင်ယှဉ်ပြိုင် ကြပြီး ဩဂုတ် ၁၈ ရက် အထိ ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

စင်သုံးစင်

သွေးလွှန်တုပ်ကွေး ငှက်ဖျားပါ
ခြင်ကြောင့် ဖြစ်ရတာ၊
ရောဂါဘယ ကင်းစင်ဖို့
ခြင်ကို နှိမ်နင်းစို့။
ဆေးလိပ်သောက်လို့ ရောဂါစုံ
ပန်းနာရင်ကျပ် မောဟိုက်တုန်၊
သက်လုံကောင်းကာ ကျန်းမာဖို့
ဆေးလိပ် ရှောင်ကြစို့။
အမှိုက်ရှိလို့ ယင်တွေလာ
ရောဂါ မျိုးစုံပါ၊
သာယာသန့်ရှင်း ရောဂါကင်း
တွေ့တဲ့ အမှိုက်ရှင်း။
အမှိုက်ကင်းစင် ခြင်ကင်းစင်
ဆေးလိပ်ကင်းစင် စင်သုံးစင်၊
ကျောင်းပတ်ဝန်းကျင် သန့်ရှင်းပေး
ပြည်သူ့ ကျန်းမာရေး။ ။

ရေနံ့သာမောင်ကျော်ညွန့်

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၄-၈-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အကပဒေသာ
- ၇း၅၀ ၅။ အတီးပြိုင်ပွဲ
- ၈း၀၀ ၆။ တေးဂီတအစီအစဉ်
- ၈း၁၅ ၇။ ငှါသရောက်ရေလျှောင်တမံ
- ၈း၃၀ ၈။ International News
- ၈း၄၅ ၉။ အဆိုပြိုင်ပွဲ
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အဆိုပြိုင်ပွဲ
- ၄း၂၀ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄း၃၀ ၄။ တေးဂီတအစီအစဉ်
- ၄း၄၀ ၅။ နားဝင်ပီယံသူ့လက်သံ
- ၄း၅၀ ၆။ "စပါးကရွှေ ငါးကငွေ" (ညီကျော်၊မိုးဒီ၊သက်ဦးကို၊ဆုဝတီမိုး) (ဒါရိုက်တာ-နိုင်း)
- ၅း၀၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၅း၁၀ ၈။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး တေးများ
- ၅း၂၀ ၉။ အတီးပြိုင်ပွဲ
- ၅း၃၀ ၁၀။ တေးဂီတအစီအစဉ်
- ၅း၄၅ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုံသံ
- ၆း၀၀ ၁၂။ ညနေခင်းသတင်း
- ၆း၁၀ ၁၃။ မိုးလေဝသအခြေအနေ
- ၆း၁၅ ၁၄။ မြတ်သောဇိဝိတဒါန (ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၊ ရန်ကုန်မြို့)
- ၇း၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ "ကော်ဖီချစ်သူ" (အပိုင်း-၂၁)
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ "ပင်လယ်ပျော်မင်းသား"(အပိုင်း-၁၉)
- ၂၀။ ၂၀၀၇ခုနှစ်(၁၅)ကြိမ်မြောက်မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆိုအက၊အရေး၊အတီးပြိုင်ပွဲ (မဟာဒုက်ဇာတ်တော်ကြီးပြိုင်ပွဲ) (ဇေယျာသီရိရုပ်စုံအဖွဲ့)(တတိယဆု) (စစ်ကိုင်းတိုင်း)
- ၂၁။ အစီအစဉ်ပြီး၏။

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၃

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်း အဖွဲ့ ပညာရေးလုပ်ငန်းအဖွဲ့ခွဲနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခွဲတို့ ပူးပေါင်းစီစဉ်ကျင်းပသော အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၄)အခြေခံပညာ အလယ်တန်းကျောင်း၌ကျင်းပသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှု လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်စန္ဒာအောင် ရန်ကင်းမြို့နယ် အမှတ် (၄) အခြေခံပညာအလယ်တန်းကျောင်း စာကြည့်တိုက်အတွက် စာအုပ်စာတမ်းများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ထွန်းမစိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ပညာရေး)

ဟောပြောပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးအဖွဲ့-အဖွဲ့ဝင် ဒေါက်တာ ဒေါ်သက်သက်ဇင်၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ဒုတိယခေါင်းဆောင်နှင့် ပညာရေးလုပ်ငန်းအဖွဲ့ခွဲနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခွဲတို့မှ အဖွဲ့ခွဲခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ၊ ရန်ကင်းမြို့နယ် ပညာရေးမှူး၊ ရန်ကင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ကြီး၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှု လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါက်တာ ဒေါ်စန္ဒာအောင်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ အနေဖြင့် ကျောင်းသား၊ ကျောင်းသူများ ဘက်စုံပညာပြည့်ဝသော နိုင်ငံ့သားကောင်းများအဖြစ် ပေါ်ထွန်းလာစေရန်၊ နိုင်ငံချစ်စိတ်နှင့် မျိုးချစ်စိတ်ထက်သန်လာစေရန် ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲများ ကျင်းပပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ဒုတိယခေါင်းဆောင် ဒေါက်တာဒေါ်ထူးထူးအောင်က 'ယဉ်ကျေးလိမ္မာ မျိုးမြန်မာ' ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပညာရေးလုပ်ငန်းအဖွဲ့ခွဲအဖွဲ့ဝင် ဒေါ်တင်တင်ရှုက 'ပြည်ထောင်စုစိတ်ဓာတ်' ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်စန္ဒာအောင်က ကျောင်း စာကြည့်တိုက်အတွက် စာအုပ်စာတမ်းများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ထွန်းမစိန်ထံ ပေးအပ်လှူဒါန်းပြီး အဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင်နှင့် အဖွဲ့ဝင်များသည် ကျောင်းစာကြည့်တိုက်နှင့် ကျောင်းကျန်းမာရေးပြခန်းတို့ကို လှည့်လည်ကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တိုင်းရင်းဆေးပညာဆိုင်ရာစာမူများ၊ ဆေးဝါးနှင့် ဆေးခန်းကြော်ငြာများ တိုင်းရင်းဆေးပညာဦးစီးဌာန၏ ခွင့်ပြုချက်ရယူရန် လိုအပ်

နေပြည်တော် ဩဂုတ် ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ထုတ်ဝေဖြန့်ချိလျက်ရှိသော နေ့စဉ်ထုတ်သတင်းစာများ၊ အပတ်စဉ်ထုတ်ဂျာနယ်များ၊ လစဉ်ထုတ်မဂ္ဂဇင်းများနှင့် ဆေးပညာဆိုင်ရာလုံးချင်း စာအုပ်များတွင် တိုင်းရင်းဆေးပညာဆိုင်ရာ စာမူများ၊ တိုင်းရင်းဆေးဝါးနှင့် တိုင်းရင်းဆေးခန်း ကြော်ငြာများထည့်သွင်းဖော်ပြလိုပါက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနသို့ ကြော်ငြာ မူရင်းစာသားများနှင့် စာမူများကိုပေးပို့တင်ပြ၍ လျှောက်ထားကြရန်နှင့် ခွင့်ပြုချက်ရယူကြရန် ၂၀၀၆ ခုနှစ် ဩဂုတ် ၃၀ ရက် သတင်းစာများတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

သို့ဖြစ်၍ တိုင်းရင်းဆေးဝါးနှင့် တိုင်းရင်းဆေးခန်းကြော်ငြာများကို ထည့်သွင်းဖော်ပြလိုပါက တိုင်းရင်းဆေးပညာဦးစီးဌာနသို့ ပေးပို့တင်ပြ၍ ခွင့်ပြုချက်ရယူရန် ထပ်မံတိုက်တွန်းကြောင်းနှင့် အဆိုပါစာမူ၊ ဆေးဝါး၊ ဆေးခန်းကြော်ငြာကိစ္စများနှင့်ပတ်သက်၍ ဖုန်း-၀၆၇-၄၁၁၃၆၃နှင့် ၀၆၇-၄၁၁၀၂၇ တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း တိုင်းရင်းဆေးပညာဦးစီးဌာနက နှိုးဆော်ထားသည်။ (သတင်းစဉ်)

ပေကျင်းအိုလံပစ် အားကစားပြိုင်ပွဲ အားကစားနည်းအလိုက် ရလဒ်များ

ပေကျင်း ဩဂုတ် ၁၃

၂၀၀၈ ပေကျင်းအိုလံပစ် အားကစားပြိုင်ပွဲများကို ယနေ့ဆက်လက်ကျင်းပရာ အားကစားနည်းအလိုက် ရလဒ်များကို ဖော်ပြလိုက်ပါသည်။

၄×၂၀၀ မီတာအမျိုးသားလက်ဆင့်ကမ်းရေကူး

ရွှေ (အမေရိကန်) ၆မိနစ် ၅၈း၅၆ စက္ကန့်(ကမ္ဘာ့စံချိန်သစ်)
ငွေ (ရုရှား) ၇မိနစ် ၀၃း၇၀ စက္ကန့်
ကြေး (ဩစတြေးလျ) ၇မိနစ် ၀၄း၉၈ စက္ကန့်

မီတာ ၂၀၀ အမျိုးသမီးရေကူး

ရွှေ (ဩစတြေးလျ)စတက်ဖနီရိုက်စ် ၂မိနစ်၈း၄၅စက္ကန့်(ကမ္ဘာ့စံချိန်သစ်)
ငွေ (ဇင်ဘာဘွေ) ခရစ္စတီးကွန်ဗင်ထရီ ၂ မိနစ် ၀၈း၅၉ စက္ကန့်
ကြေး (အမေရိကန်) နာတာလီကိုလင် ၂ မိနစ် ၁၀း၃၄ စက္ကန့်

မီတာ ၂၀၀ အမျိုးသားလိပ်ပြာကူး

ရွှေ (အမေရိကန်) မိုက်ကယ်ဖိလ် ၁ မိနစ် ၅၂း၀၃စက္ကန့်(ကမ္ဘာ့စံချိန်သစ်)
ငွေ (ဟန်ဂေရီ) လပ်ဇလို ၁ မိနစ် ၅၂း၇၀ စက္ကန့်
ကြေး (ဂျပန်) တာကေရှိမက်ဆူဒါ ၁ မိနစ် ၅၂း၉၇ စက္ကန့်

၇၀ ကီလိုတန်းအမျိုးသမီးဂျူဒို

ရွှေ (ဂျပန်) မာဆာအီအူ
ငွေ (ကျူးဘား) အနေစီဟာနန်ဒက်စ်
ကြေး (အမေရိကန်) ရွှန်ဒါရောင်စီ
(နယ်သာလန်) အီဒစ်ဗောရှ်

၉၀ ကီလိုတန်း အမျိုးသားဂျူဒို

ရွှေ (ဂျော်ဂျီယာ) အီရက်ခ်လီတဆီရီကဒ်ဇီ
ငွေ (အယ်ဂျီးရီးယား) အာမာဘင်နီကလဖ်
ကြေး (အီဂျစ်) ဟီရှမ်မီစ်ဘာ
(ဆွစ်ဇာလန်) ဆာဂျီအက်ရှ်ဝန်ဒန်

၆၉ ကီလိုတန်း အမျိုးသမီးအလေးမ

ရွှေ (တရုတ်) လျူချောင်ဟောင်
ငွေ (ရုရှား) အောဝဇ်ဇနာစလီဗင်ကို
ကြေး (ယူကရိန်း) နာတာလျာနက်ဗဒိုဗာ

၂၅ မီတာ အမျိုးသမီး ပစ္စတိုသေနတ်ပစ်

ရွှေ (တရုတ်) ချန်ယင် ၇၉၃. ၄ မှတ်
ငွေ (မွန်ဂိုလီးယား) ဂန္ဒီမာအော့ထရိုရဒ် ၇၉၂. ၂ မှတ်
ကြေး (ဂျာမနီ) မင်ဂ်ဘာယာဒေါ့ဂျူရန် ၇၈၉. ၂ မှတ်

၇၇ ကီလိုတန်း အမျိုးသားအလေးမ

ရွှေ (တောင်ကိုရီးယား) စာဂျေယုန်
ငွေ (တရုတ်) လီဟောင်ဂလီ
ကြေး (အာမေးနီးယား) ဂျီဗော်ချ်ဒဗ်ယန်

အမျိုးသမီးကျွမ်းဘား

ရွှေ (တရုတ်အသင်း) ၁၈၈. ၉၀၀ မှတ်
ငွေ (အမေရိကန်အသင်း) ၁၈၆. ၅၂၅ မှတ်
ကြေး (ရိုမေးနီးယားအသင်း) ၁၈၁. ၅၂၅ မှတ်

k ကျောဖုံးမှ

ထို့အပြင် ၎င်းသည် အိုလံပစ်ကျေးရွာ၏ အိမ်တော်ဝန်လည်းဖြစ်သည်။ အဆိုပါဆုတံဆိပ်ကို အမေရိကန်အစိမ်းရောင် အဆောက်အအုံ သဘာဝကောင်စီ၏ ဘဏ္ဍာရေးမှူး ဟင်နရီပေါလ်ဆင်က အပ်နှင်းခြင်းဖြစ်သည်။

ပေကျင်း အိုလံပစ်ကျေးရွာကို တည်ဆောက်ရာ၌ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော အစိမ်းရောင် အိုလံပစ်ကျေးရွာဖြစ်စေရန် အဆင့်မြင့်နည်းပညာများကိုသုံးစွဲထားပြီး စွမ်းအင်ချွေတာနိုင်ရေးကိုလည်း စီစဉ်ဖန်တီးပေးထားသည်။ ထိုဆုရရှိအောင် လုပ်ဆောင်နိုင်ခဲ့ခြင်းသည် အမေရိကန်နှင့် တရုတ်နိုင်ငံတို့၏ နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ပေါ်လွင်ထင်ရှားသော သာဓကပင် ဖြစ်သည်ဟု ဆုနှင်းပွဲတွင် ချန်က ပြောကြားသွားသည်။ ***အင်တာနက်။***

၂၀၀၈ ခုနှစ် ပေကျင်းအိုလံပစ်ပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုဇယား

(၁၃-၈-၂၀၀၈)

စဉ်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁	တရုတ်	၁၇	၅	၅	၂၇
၂	အမေရိကန်	၁၀	၈	၁၁	၂၉
၃	တောင်ကိုရီးယား	၆	၆	၁	၁၃
၄	အီတလီ	၄	၄	၂	၁၀
၅	ဩစတြေးလျ	၄	၂	၆	၁၂
၆	ဂျပန်	၄	၁	၃	၈
၇	ဂျာမနီ	၄	၁	၂	၇
၈	ရုရှား	၂	၇	၃	၁၂
၉	အင်္ဂလန်	၂	၂	၃	၇
၁၀	ချက်	၂	၀	၁	၃

ပေကျင်းအိုလံပစ် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များပြီးဆုံး နာမည်ကြီးအာဂျင်တီးနားနှင့် ဘရာဇီးတို့ အုပ်စုပိုလ်ဖြင့် အသီးသီးကွာတားတက်

ပေကျင်း ဩဂုတ် ၁၃

၂၀၀၈ နွေရာသီ ပေကျင်းအိုလံပစ်အားကစားပွဲတော်ကြီးတွင် ယူ-၂၃ အမျိုးသားဘောလုံးပြိုင်ပွဲများကို ဩဂုတ် ၇ ရက်၌ စတင်ကျင်းပခဲ့ရာ အုပ်စုပွဲစဉ်များ ယနေ့တွင် ပြီးဆုံးသည်။ ယခုပြိုင်ပွဲသည် ယူ-၂၃ ဟုဆိုသော်လည်း ဘောလုံးဝါသနာရှင်များအတွက် ဘောလုံးရသအပြည့် ပေးစွမ်းနိုင်ခဲ့သည်။ ယခုနှစ် အိုလံပစ်ပြိုင်ပွဲတွင် အများမျှော်လင့်တွေးထင်ထားခဲ့သည့်အတိုင်း နာမည်ကြီးအသင်းကြီးများအားလုံးလိုလို အုပ်စုအဆင့်မှ ကျော်လွှားနိုင်ခဲ့ပြီ ဖြစ်သည်။

အုပ်စု(က)။ ။ ချန်ပီယံဖြစ်ရန် ရေပန်းအစားဆုံးဖြစ်သည့် လက်ရှိချန်ပီယံ အာဂျင်တီးနားအသင်းသည် သုံးပွဲနိုင် ကိုးမှတ်ဖြင့် အုပ်စုပထမ၊ အာဖရိကတိုက်မှ အိုင်ဗရီကို့စ်သည် နှစ်ပွဲနိုင် တစ်ပွဲရှုံး ခြောက်မှတ်ဖြင့် အုပ်စုဒုတိယရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။ ဩစတြေးလျနှင့် ဆာဘီးယားတို့မှာ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးဖြင့် အုပ်စုမှ ထွက်ခဲ့ရသည်။

အုပ်စု(ခ)။ ။ အာဖရိကတိုက်မှ နိုင်ဂျီးရီးယားမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ခုနစ်မှတ်ဖြင့် အုပ်စုပထမ၊ နယ်သာလန်မှာ တစ်ပွဲနိုင်၊ နှစ်ပွဲသရေ ငါးမှတ်ဖြင့် အုပ်စု ဒုတိယရရှိကာ နောက်တစ်ဆင့်တက်သွားသည်။ အမေရိကန်နှင့် ဂျပန်တို့မှာ အုပ်စုအဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

အုပ်စု(ဂ)။ ။ တောင်အမေရိကမှ နာမည်ကြီး ဘရာဇီးမှာ သုံးပွဲနိုင် ရမှတ်ကိုးမှတ်ဖြင့် အုပ်စုပထမ၊ ဘယ်လ်ဂျီယံမှာ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ကွာတားဖိုင်နယ်သို့ တက်နိုင်ခဲ့ကြသည်။ အိမ်ရှင်တရုတ်နှင့် နယူးဇီလန်တို့မှာ အုပ်စုအဆင့်ကိုကျော်လွှားနိုင်ခြင်း မရှိခဲ့ပေ။

အုပ်စု(ဃ)။ ။ အီတလီမှာနှစ်ပွဲနိုင် တစ်ပွဲသရေ ရမှတ်ခုနစ်မှတ်ဖြင့် အုပ်စုပထမနှင့် ကင်မရွန်းမှာ တစ်ပွဲနိုင် နှစ်ပွဲသရေ ရမှတ်ငါးမှတ်ဖြင့် အုပ်စုဒုတိယရရှိပြီး ကွာတားဖိုင်နယ်သို့ တက်နိုင်ခဲ့သည်။ တောင်ကိုရီးယားမှာ ဟွန်ဒူရပ်စ်နှင့်အတူ အုပ်စုမှထွက်ခဲ့ရသည်။

ကွာတားဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၁၆ ရက်တွင် ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

ဝင်းတင်(ကြေးမုံ)

တုံကင်ပင်လယ်ကွေ့မှ မုန်တိုင်းငယ် အားပျော့ပျက်ပြယ်

ရန်ကုန် ဩဂုတ် ၁၃

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော၂၄နာရီအတွင်းက မကွေးတိုင်းတွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး မွန်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် ဒေသအလိုက်နှင့် ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့်တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော်တွင် ၀ ဒသမ ၃၉ လက်မ၊ သံတွဲမြို့တွင် ၆ ဒသမ ၅၀ လက်မ၊ မော်လမြိုင်မြို့တွင် ၅ ဒသမ ၄၃ လက်မ၊ ပဲခူးမြို့တွင် ၄ဒသမ ၂၅ လက်မ၊ ဇောင်းတူမြို့တွင် ၄ ဒသမ ၂၀ လက်မ၊ ဘီလင်းမြို့တွင် ၄ ဒသမ ၁၃ လက်မ၊ လောင်းလုံမြို့တွင် ၃ ဒသမ ၇၄ လက်မ၊ ညောင်လေးပင်မြို့တွင် ၃ ဒသမ ၆၂ လက်မ၊ မောင်တောမြို့နှင့် မုဒုံမြို့တို့တွင် ၃ ဒသမ ၁၁ လက်မစီ၊ သိမ်ဇရပ်မြို့တွင် ၃ ဒသမ ၀၃ လက်မ၊ ကျိုက္ခမီမြို့တွင် ၂ ဒသမ ၈၀ လက်မ၊ ရွှေကျင်မြို့တွင် ၂ ဒသမ ၆၄ လက်မနှင့် ခန္တီးမြို့တွင် ၂ ဒသမ ၅၆ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။

ထူးခြားသည့်အခြေအနေ။ ။ယနေ့နံနက်မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်များအရ တုံကင်ပင်လယ်ကွေ့ (တောင်တရုတ်ပင်လယ်ပြင်)တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် ဗီယက်နမ်နိုင်ငံ ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး အားပျော့ပျက်ပြယ်သွားပြီဖြစ်သည်။

ဩဂုတ် ၁၄ရက် ညနေထိ ခန့်မှန်းချက်။ ။ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် အများအားဖြင့် မိုးလျော့နည်းနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၂၉ ဒသမ၅ ဒီဂရီစင်တီဂရိတ် (၈၅ ဒီဂရီဖာရင်ဟိုက်) ၁၂-၈-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၀ ဒသမ ၈ ဒီဂရီစင်တီဂရိတ် (၆၉ ဒီဂရီဖာရင်ဟိုက်)၁၃-၈-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၉၂ ရာခိုင်နှုန်း ၁၃-၈-၂၀၀၈

နေပူသည့်နာရီပေါင်း ၀ ဒသမ ၁နာရီခန့် ၁၂-၈-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၃-၈-၂၀၀၈	၁၅မမ	၁၆မမ	၃၈မမ
	(၀ဒသမ၅၉လက်မ)	(၀ဒသမ၆၂လက်မ)	(၁ဒသမ၅၀လက်မ)
၁-၁-၂၀၀၈မှ	၁၈၅၅ မမ	၂၀၈၆မမ	၂၄၆၅မမ
ယနေ့အထိ	(၇၃ဒသမ၀၃လက်မ)	(၈၂ဒသမ၁၂လက်မ)	(၉၇ဒသမ၀၅လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၂-၈-၂၀၀၈ ရက် ၁၅း၃၀နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ခြောက်မိုင်နှုန်း တိုက်ခတ်သည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၈-၂၀၀၈(ကြာသပတေးနေ့)

AM & PM

၇း၀၀ - ၁း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅ “ခက်ခဲကျဉ်းကြပ်လွတ်လပ်ပါစေ”တရားတော် (ဆင်ဖြူတောင်ဆရာတော် အရှင်ဂုဏိန္ဒ
၈း၀၅ - ၂း၀၅ နိဗ္ဗာန်ဆီသို့---အမေးအဖြေများ
၈း၂၀ - ၂း၂၀ တေးဂီတအစီအစဉ်
၈း၂၅ - ၂း၂၅ ပြည်တွင်းအနုပညာရေးရာ
၈း၅၀ - ၂း၅၀ မြန်မာ့ခြင်းလုံး
၉း၀၀ - ၃း၀၀ ပြည်တွင်းသတင်းအကျဉ်း
၉း၁၀ - ၃း၁၀ တေးဂီတအစီအစဉ်
၉း၁၅ - ၃း၁၅ နုယဉ်ဆန်းထွင်ပန်းအလှဆင် (မိမိစိတ်ကြိုက်ပန်းအိုးထိုးနည်း)
၉း၄၅ - ၃း၄၅ နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀ - ၃း၅၀ ကျန်းမာရေးအတွက်အားထားရာ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး
၁၀း၁၅ - ၄း၁၅ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ အဘိဓမ္မာ(၇)ကျမ်း၊ အာဂမ+သဘာဝစာပြန်ပွဲ
၁၀း၂၀ - ၄း၂၀ မိုးလေဝသခန့်မှန်းချက်
၁၀း၂၅ - ၄း၂၅ လှပချစ်စရာအိမ်တွင်းမှုပညာ
၁၀း၄၀ - ၄း၄၀ ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀ - ၄း၅၀ တေးဂီတအစီအစဉ်
၁၀း၅၅ - ၄း၅၅ အဆင့်မီရော်ဘာဖူးဆက်ပျိုးပင်ရရှိရေး
၁၁း၁၀ - ၅း၁၀ Yangon Panoraman (Epson New Product Launch)
၁၁း၂၀ - ၅း၂၀ နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၅ - ၅း၂၅ ထူးမြတ်ကြည်ညိုဖွယ်ရာမြကျောက်သာသနာ့နယ်မြေမှာ
၁၁း၅၅ - ၅း၅၅ တေးဂီတအစီအစဉ်
၁၂း၀၀ - ၆း၀၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာဆန်းဘောက်ရာနှင့်တွေ့ဆုံခြင်း)
၁၂း၃၀ - ၆း၃၀ ရင်သွေးအတွက်သတိတစ်ချက် (ဒါရိုက်တာ-ဆွေဇင်ထိုက်)
၁၂း၄၀ - ၆း၄၀ သဘာဝကပေးတဲ့အကျိုးအာနိသင်
၁း၀၀ - ၇း၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Beijing Olympic 2008 အားကစားပြိုင်ပွဲအစီအစဉ်

ညနေ	အကြောင်းအရာ	ပြသမည့်လိုင်း
၃း၃၀	Beijing Olympic 2008 အားကစားပြိုင်ပွဲအစီအစဉ်များ	MRTV-4(Live)

| စာမျက်နှာ ၆ ဆောင်းပါးမှ

အကြောင်းပြချက်များဖြင့် စွဲချက်တင်ပုတ်ခတ်နေသည်မှာလည်း ယိုသူမရှက်၊ မြင်သူရှက်ဖွယ်ဖြစ်သည်။ မြန်မာနိုင်ငံ အစိုးရအဆက်ဆက်သည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ လိုက်နာရမည့် ကျင့်ဝတ်သီလများကိုလည်း မြဲမြံစွာစောင့်ထိန်းခဲ့ကြသည်။ ကုလသမဂ္ဂမှ ဦးဆောင်သော နိုင်ငံတကာ နိုင်ငံရေး၊ စီးပွားရေး၊ သိပ္ပံနှင့် နည်းပညာထွန်းကားရေး၊ ပညာရေး၊ ကျန်းမာရေးစသော လုပ်ငန်းများတွင်လည်း တာဝန်ကျေပွန်စွာ ပူးပေါင်းဆောင်ရွက်နေဆဲလည်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် မည်သည့်နိုင်ငံ၏ အချုပ်အခြာအာဏာကိုမျှ ထိပါးစွက်ဖက် ကျူးကျော်ခြင်းလည်းမရှိခဲ့ပေ။ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊စီးပွားရေး၊ စစ်ရေးအခြေအနေတို့မှာလည်း နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၏ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေနိုင်ခြင်းမရှိခဲ့ပေ။ မြန်မာနိုင်ငံမည်သည့် ကျင့်ဝတ်သီလချိုးဖောက်မှု၊ မည်သည့် တာဝန်ပျက်ကွက်မှု၊ မည်သည့်ပြစ်မှုမျှမရှိခဲ့သည့် တာဝန်ကျေပွန်သော ကမ္ဘာ့မိသားစုဝင်နိုင်ငံတစ်နိုင်ငံသာ ဖြစ်ပေသည်။

ရှင်းစွာဆိုရလျှင် ကုလသမဂ္ဂအဖွဲ့အား နိုင်ငံတကာကိုလိုနီနယ်ချဲ့လက်သစ်များနှင့် ယင်းတို့၏ အပေါင်းပါများ၊ ဩဇာခံများက ဖွံ့ဖြိုးဆဲနိုင်ငံငယ်များ၏ ပြည်တွင်းရေးတွင် ပါဝင်စွက်ဖက်ခြယ်လှယ်ရန်နှင့် ကျူးကျော်ရန်အတွက် အကာအကွယ်အသုံးချခံအဖွဲ့အစည်းအဖြစ် ပုံဖော်လိုကြသည်။ အဖွဲ့ဝင်နိုင်ငံငယ်များအား ဖိအားပေးစည်းရုံးသည်။ အကူအညီမက်လုံးများပေးပြီး ဖျားယောင်းသိမ်းသွင်းသည်။ ယင်းအခြေအနေအရပ်ရပ်ကိုမလိုလားကြသော ကျန်အဖွဲ့ဝင်နိုင်ငံများက ဟန့်တားကာကွယ်ပေးလျက်ရှိသည့်အတွက်သာ မြန်မာနိုင်ငံအပါအဝင် နိုင်ငံငယ်များစွာသည် တည်ငြိမ်စွာရပ်တည်နေနိုင်ကြခြင်းဖြစ်သည်။

ချုပ်၍ဆိုပါတော့မည် မြန်မာတိုင်းရင်းသားပြည်သူတို့သည် မိမိတို့နိုင်ငံအား အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုး တိုးတက်ရေးတို့နှင့်အတူ စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ဒီမိုကရေစီကို ဖော်ဆောင်မည့် အနာဂတ်ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်နိုင်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ကို ထောက်ခံဆန္ဒပေးအတည်ပြုခဲ့ပြီးဖြစ်သည်။ ဤသည်ပင်လျှင် ပြည်သူတို့ လျှောက်မည့်လမ်းကို ပြည်သူတို့ကိုယ်တိုင်ရွေးချယ်ခဲ့ခြင်းဖြစ်ရာ ပြည်သူတို့ယုံကြည်မျှော်မှန်းရာ ပန်းတိုင်ဖြစ်သည့် အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်သစ်သည် မလွဲမသွေ ဖြစ်တည်ရှင်သန်လာမည်ဖြစ်သည်ဟူ၍ အခိုင်အမာယုံကြည်လျက်ရှိသည်။ ။

အမေရိကန်တပ်ဖွဲ့ ရုပ်သိမ်းရေး အချိန်တိကျစွာ သတ်မှတ်ရန် အီရတ်နိုင်ငံခြားရေးဝန်ကြီး ပြောကြား

ဘဂ္ဂဒက် ဩဂုတ် ၁၂

အီရတ်နိုင်ငံ၏ လုံခြုံရေးသဘောတူညီမှုကို ညှိနှိုင်းဆောင်ရွက်ရာတွင် အမေရိကန်တပ်ဖွဲ့များကို ရုပ်သိမ်းရာ၌ အမေရိကန်အစိုးရသည် အချိန်တိကျစွာ သတ်မှတ်ရမည်ဖြစ်ကြောင်း အီရတ်နိုင်ငံခြားရေးဝန်ကြီး ဟိုရှိယာ ဇီဘာရီက ပြောကြားသည်။

အမေရိကန်နှင့် အီရတ်နိုင်ငံ ညှိနှိုင်းရေး အဖွဲ့ဝင် လူကြီးများသည် ယခုထိတိုင် စေ့စပ်ဆွေးနွေးရေး လုပ်ငန်းနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်လျက်ပင်ရှိသည်။ ၎င်းတို့၏ ဆွေးနွေးမှုသည် တိုးတက်မှုရှိပြီး နောက်ဆုံးသဘောတူညီချက်ကို ရရှိလုနီးပြီဖြစ်ကြောင်း ဘာရီ၏ ပြောကြားချက်ကို ကိုးကား၍ အီရတ်ရုပ်သံဌာနက ထုတ်လွှင့်သွားသည်။

အဆိုပါ သဘောတူညီချက်ကို အီရတ်နိုင်ငံရှိ ပါလီမန်သို့ စက်တင်ဘာလတွင် အစောဆုံး တင်ပြနိုင်မည်ဖြစ်ပြီး အတည်ပြုချက် ရယူရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

လုံခြုံရေး သဘောတူညီမှုကို သတ်မှတ်ထားသည့် နောက်ဆုံးရက်ဖြစ်သော ဇူလိုင် ၃၁ရက်တွင် အပြီးသတ်ရရှိအောင် ဆောင်ရွက်ရေးကိစ္စမှာ မပြီးမပြတ်သေးဘဲ ရှိသည်။ ထိုသဘောတူညီမှုသည် ၂၀၀၈ ခုနှစ်နောက်ပိုင်း အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့များ ထားရှိမည့် အနေအထားကို ကန့်သတ်သတ်မှတ်သွားမည်ဖြစ်သည်။ သဘောတူညီချက်တွင် ပါဝင်သော အဓိကညှိနှိုင်းရမည့် အချက်များမှာ အမေရိကန်တပ်ဖွဲ့၏ စစ်ဆင်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်၊ အမေရိကန်တပ်ဖွဲ့ဝင်များအား အရေးယူရေးကိစ္စမှ ကင်းလွတ်ခွင့်နှင့်အီရတ်နိုင်ငံအချုပ်အခြာအာဏာ ပိုင်ဆိုင်မှုနှင့် ဆက်နွယ်သော အခြားပြဿနာများဖြစ်သည်ဟု ဇီဘာရီက ပြောကြားသည်။ ထိုပြဿနာများကို နှစ်နိုင်ငံစလုံးက ကြိုးပမ်းဖြေရှင်းလျက်ရှိသည်ဟု ၎င်းက ထပ်မံပြောကြားသည်။

အင်တာနက်။

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းတွင် ကာမူရီအပူပိုင်းမုန်တိုင်းကျရောက်သဖြင့် ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေရသော ဒုက္ခသည်များကို ဩဂုတ် ၁၂ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဘူကီနာဖာဆိုနိုင်ငံတွင် မိုင်းတွင်းပြိုကျ၍ ၃၀ကျော်သေဆုံး

အာကာဒူဂို ဩဂုတ် ၁၂

အနောက်အာဖရိကဒေသဘူကီနာဖာဆိုနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် မိုင်းတွင်းပြိုကျမှုဖြစ်ပွားခဲ့ရာ တရားမဝင် ရွှေတူးသမား ၃၀ ကျော်သေဆုံးပြီး လူပေါင်းများစွာ ပျောက်ဆုံးနေကြောင်း အာဏာပိုင်များက ဩဂုတ် ၁၁ ရက်တွင် ပြောကြားသည်။

ထိုလုပ်သားများသည် ဘူဆိုကိုလာရွာအနီးရှိ မိုင်းတွင်း၌ အလုပ်လုပ်နေစဉ် ဩဂုတ် ၉ ရက်က မိုင်းတွင်း နံရံများပြိုကျခဲ့ခြင်း ဖြစ်သည်ဟု နွှန်ဘိုရာယ်ပြည်နယ်မှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ညွှန်ကြားရေးမှူး မက်ဆီမင်အာဆာဒိုဂိုကရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အဆိုပါမိုင်းတွင်းသည်အိုင်ဗရီကို့စ်နယ်နိမိတ်အနီး အာကာဒူဂိုမြို့ အနောက်တောင်ဘက် ကီလိုမီတာ ၅၀၀ အကွာ၌ရှိပြီး မိုင်းတွင်း အလုပ်သမားပေါင်း အနည်းဆုံး ၅၀ခန့် အလုပ်လုပ်လျက်ရှိသည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ထို့ပြင် ကယ်ဆယ်ရေးလုပ်ရာ၌ အလောင်း ၃၄လောင်းအား ပြန်လည်တွေ့ရှိခဲ့သည်ဟု သိရသည်။

မိုးတွင်းကာလရောက်တိုင်း ယခုကဲ့သို့ မိုင်းတွင်းပြိုကျမှုဖြင့် ကြုံတွေ့နေရသောကြောင့် ထိုအဖြစ်အပျက်များကို ရှောင်ရှားနိုင်ရန်အတွက် စက်တင်ဘာလ ကုန်ထိတိုင်အောင် မိုင်းတွင်း လုပ်ငန်းများကို မလုပ်ကိုင်ကြရန် အစိုးရက ဇွန်လကတားမြစ်အမိန့် ထုတ်ပြန်ခဲ့သည်။ သို့သော် မိုင်းတွင်းလုပ်သားများမှာ ဆက်လက် လုပ်ကိုင်ကြသောကြောင့် ယင်းကဲ့သို့ မိုင်းတွင်းပြိုကျမှုနှင့် ကြုံတွေ့ရခြင်း ဖြစ်သည်ဟု သိရသည်။ ယင်းကဲ့သို့ မိုင်းတွင်းပြိုကျရခြင်းသည် တိုင်းပြည်အတွက် အဆိုးရွားဆုံး အဖြစ်အပျက်တစ်ခုဖြစ်သည်ဟု ဖော်ပြထားသည်။

ပြည်ပရွှေတွင်းတူးသမားများသည် ဘူကီနာဖာဆိုတွင် ပြီးခဲ့သောနှစ်က ရွှေတွင်းအသစ်သုံးတွင်းကို စတင်တူးဖော်လုပ်ကိုင်ခဲ့သည်။ ဘူကီနာဖာဆိုနိုင်ငံမှာ အာဖရိကရှိ ဒုတိယ ရွှေအများဆုံးထွက်သည့် ဂါနာနှင့် တတိယ ရွှေအများဆုံး ထွက်သည့် မာလီနိုင်ငံတို့ကြားတွင် တည်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

ဂါဇာကမ်းမြောင်ကို သူပုန်ဒေသဟုကြေညာရန် ပီအယ်လ်အိုအဖွဲ့က စဉ်းစားနေ

ရာမာလာ ဩဂုတ် ၁၂

ဟားမတ်စ်ထိန်းချုပ်သည့် ဂါဇာဒေသကို သူပုန်ဒေသအဖြစ် ကြေညာမည့်သဘောထားကို ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့ (ပီအယ်လ်အို) က ဆုံးဖြတ်ချက်ချရန် ဆွေးနွေးနေကြောင်းသတင်းဌာနများက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အနောက်ဘက်ကမ်းခြေနှင့် ဂါဇာဒေသအတွင်းကွဲပြားနေမှု အဆုံးသတ်ရန် ငြိမ်းချမ်းစွာ ကြိုးပမ်းမှုများ အောင်မြင်မှုမရှိ ဖြစ်ခဲ့ရပြီးနောက် ပီအယ်လ်အိုအမှုဆောင် ကော်မတီက ဖော်ပြပါအစီအစဉ်ကို ဆွေးနွေးခြင်းဖြစ်သည်ဟု ဆိုသည်။

ဂါဇာကမ်းမြောင်အားအကြမ်းဖက်နည်းဖြင့် ဖြေရှင်းရန် တောင်းဆိုမှုသည် ရာမာလာမြို့ရှိ ပါလက်စတိုင်းအမျိုးသားအာဏာပိုင်အဖွဲ့(ပီအင်န်အေ)အတွင်း ပိုပိုပြင်ပြင်ဖြစ်လာပြီဟု သတင်းဌာနများက ဖော်ပြသည်။

၂၀၀၇ခုနှစ်ဇွန်လတွင်ဟားမတ်စ်က ဖာတာလှုပ်ရှားမှုအဖွဲ့ကို ဖယ်ရှားခဲ့ပြီး ဂါဇာကမ်းမြောင်ကိုထိန်းချုပ်ခဲ့သည်။ ဟားမတ်စ်အဖွဲ့က ဂါဇာဒေသကို ထိန်းချုပ်ထားချိန်တွင် မာမွတ်အာဘတ်စ်ကအနောက်ဘက်ကမ်းခြေတွင် ၎င်း၏အုပ်စိုးမှု ခိုင်မာတောင့်တင်းစေရန်ကြိုးပမ်းခဲ့သည်။နှစ်ဖက်အဖွဲ့တို့ကပြန်လည်သင့်မြတ်ရေး ကြိုးပမ်းမှုများ ပြုလုပ်ခဲ့ကြသော်လည်း အောင်မြင်မှုမရှိခဲ့ကြောင်းသိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျော်ဂျီယာနိုင်ငံ တီဘလီဆီမြို့မှ ဂိုရီဒေသသို့ ဖြတ်သန်းစစ်ဆင်နေသည့် ဂျော်ဂျီယာတင့်ကားများကို ဩဂုတ် ၁၁ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အက်ခါဇီယာတပ်ဖွဲ့ များက ဂျော်ဂျီယာတပ်များကိုတိုက်

မော်စကို ဩဂုတ် ၁၂

ဂျော်ဂျီယာနိုင်ငံ၏ သီးခြားဒေသမှ အက်ခါဇီယာ တပ်ဖွဲ့များက အငြင်းပွားလျက်ရှိသော ကိုဒိုရီဒေသရှိ ဂျော်ဂျီယာတပ်ဖွဲ့များကို တိုက်ထုတ်ရန် ထိုးစစ်ဆင်မှု စတင်ပြုလုပ်ခဲ့ကြောင်း ရုရှားနိုင်ငံ အင်တာနက်သတင်းဌာနက ဩဂုတ် ၁၂ ရက်တွင် ပြောကြားခဲ့သည်။

အက်ခါဇီယာ ကာကွယ်ရေးဝန်ကြီးဌာနသတင်းအရဒေသစံတော်ချိန် နံနက် ၆ နာရီတွင် စစ်ဆင်ရေး စတင်ပြုလုပ်ကြောင်း သိရသည်။ သို့သော် အသေးစိတ်အကြောင်းအရာများကို ပြောကြားခြင်းမရှိဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

ဓားခုတ်ခံရမှုကြောင့် အမေရိကန်တစ်ဦး ဂွါတီမာလာ၌သေဆုံး

ဂွါတီမာလာစီးတီး ဩဂုတ် ၁၂

ဂွါတီမာလာနိုင်ငံ အီဇာဘူလ်ကန်အတွင်း ရွက်လှေစီးနေသော စုံတွဲအား လူလေးဦးက ဓားများဖြင့် ထိုးခုတ်မှုကြောင့် အမေရိကန်တစ်ဦး သေဆုံးပြီး ၎င်း၏ဇနီးဒဏ်ရာရရှိကြောင်း ဩဂုတ် ၁၁ ရက်တွင် စုံစမ်းစစ်ဆေးသူများက ပြောကြားသည်။

အဆိုပါ ဖြစ်ရပ်သည် စနေနေ့ညပိုင်းက ဖြစ်ပွားခဲ့ပြီး ယင်းတိုက်ခိုက်မှုနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးကာ လူသတ်သမားများအား ရှာဖွေနေကြောင်း တရားရေးဆိုင်ရာဌာနက ပြောကြားသည်။

အသက် ၆၆ နှစ်အရွယ်ရှိ ဒင်နယ်ပါရီဒရိုင်ဒင်သည် အခင်းဖြစ်ပွားရာနေရာတွင် သေဆုံးခဲ့ပြီး ၎င်း၏ဇနီး နန်စီဒရိုင်ဒင်ကို ဆေးရုံသို့တင်ပို့ ကုသခဲ့သည်။ လက်တင်အမေရိကတွင် ဂွါတီမာလာနိုင်ငံသည် လူသတ်မှု အများဆုံးဖြစ်ပွားရာ နိုင်ငံတစ်နိုင်ငံဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အာဖဂန်နစ္စတန်တောင်ပိုင်း၌ နေတိုးတပ်ဖွဲ့ဝင် သေဆုံး

ကဘူး ဩဂုတ် ၁၂

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင် ဩဂုတ် ၉ ရက်က သောင်းကျန်းသူများနှင့် နေတိုးတပ်ဖွဲ့များ တိုက်ခိုက်မှုဖြစ်ပွားရာနေတိုးဦးဆောင်သော နိုင်ငံတကာ လုံခြုံရေးအထောက်အကူပြုတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)မှ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း ယင်းတပ်ဖွဲ့က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

သို့သော် အိုင်အက်စ်အေအက်ဖ်၏ မူဝါဒအရ သေကျေဒဏ်ရာရရှိသူသည်မည်သည့်နိုင်ငံသားဖြစ်ကြောင်းကို ဖော်ပြလေ့ မရှိပေ။ ဩဂုတ် ၉ ရက်က အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ပတ်တီကာ ပြည်နယ်တွင် အမေရိကန် ဦးဆောင်သော မဟာမိတ်တပ်ဖွဲ့များ စစ်ဆင်ရေး ပြုလုပ်နေစဉ်အတွင်း စစ်သွေးကြွ သုံးဦးကို ဖမ်းဆီးရမိကြောင်း မဟာမိတ်တပ်ဖွဲ့က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံအတွင်းနေတိုးဦးဆောင်သောအိုင်အက်စ်အေအက်ဖ်နှင့်အမေရိကန်ဦးဆောင်သော မဟာမိတ်တပ်ဖွဲ့တို့ ထိန်းချုပ်မှုအောက်ရှိ နိုင်ငံစုံတပ်ဖွဲ့များတွင်အင်အား၇၀၀၀၀ ကို တပ်ဖြန့်ချထားကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အိန္ဒိယနိုင်ငံဆရီနဂါးမြို့၌ ဆန္ဒပြသူများ လိုက်ပါလာသည့် ထရပ်ကားအား ရဲတပ်ဖွဲ့ဝင်များက တားဆီးနေသည်ကို ဩဂုတ် ၁၁ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

လိုရာဆန္ဒပြည့်ဝစေမည့် ပဋ္ဌာန်းကျင့်စဉ်(၁) အချပ်ပိုပါဝင်ပါသည်။

သူရဿတီ မဂ္ဂဇင်း

မြန်နိုင်ရေး ပညာရွှေတောင် ၁၁-၂၄၈၆၉၀

(၂၀၀၈)ခုနှစ် ဇက်တင်ဘာလ

ထွက်ပြီ

ဘေးကင်း ရန်ကင်း အန္တရာယ်ကင်းလိုသူများ အတွက်သူရဿတီလက်ဆောင် ရွှေစင်နှင့်သွန်းသည့် စေတာဝန် သကျမာန်အောင်တော်ရကျောင်း မှလာတမှန်ဆင်းတုတော်၊ နှစ်ကိုယ် ရှစ်ဆူ စေတီတော်မြတ်ကြီးနှင့် သိကြားမင်းစေမဘွဲ့ရစေတီတော်များ ရွှေထီးတော်တင် ပူဇော်ပွဲ၊ မဟာသရဏဂုံ တော်ကြီး(၂) ...

[illegible]

အောင်မြင်မှုသရဖူဆောင်းလိုသူများအတွက်

အောင်သရဖူ GCE သင်တန်း

◆ GCE, SAT, TOEFL, IELTS & Speaking
◆ English for Academic Purposes

New Class: August 2008

2008-Note စာအုပ်အသစ်များဖြင့် သင်မည်။
၁၀၅၊ ပ-ထပ်၊ လမ်းမတော်လမ်း၊ သံဈေးရှေ့၊ ရန်ကုန်မြို့။
☎ : 212357, 253113

Hydraulic Pump အမြန်ဝယ်လိုသည်။

Station Pump တွင် အသုံးပြုရန်အတွက်
Model-HBT 60A 140 6D
Hydraulic pump type-V30D-140 RDN-2-1-04
LVN 400 37 KW
volume 140cm3
FABR No.54-02040118
အကြောင်းပြန်ကြားရန် Ph: ၃၇၄၂၁၀၊ ၃၈၈၇၇၉
(ရုံးချိန်အတွင်းသာ)

ရုံးခန်းပြောင်းရွှေ့ဖွင့်လှစ်ထားကြောင်းအသိပေးကြေညာခြင်း

YE NOOS & ASSOCIATES
(Law Firm & Audit Firm) ကို
"ရုံးခန်းသစ်" အမှတ်(၁၇၆/၁၇၈)၊(ပထမထပ်)၊ မိဘရိပ်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ (မဟာဗန္ဓုလလမ်းနှင့် အနော်ရထာလမ်းကြား)၊ ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့။
Phone-296132, 297249, 203023, 203496, 09-2025786 "သို့" ပြောင်းရွှေ့ဖွင့်လှစ်ထားကြောင်းအသိပေးကြေညာအပ်ပါသည်။

အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်) (မြန်မာကျပ်ငွေဖြင့်ခန့်ထားရန်)

၁။ ဂိုဒေါင်ကြီးကြပ်ရေးမှူး	(အမျိုးသား)	(၅)ဦး
၂။ အရောင်းဝန်ထမ်း	(အမျိုးသမီး)	(၅)ဦး
၃။ ယာဉ်မောင်း	(အမျိုးသား)	(၅)ဦး
၄။ အထွေထွေဝန်ထမ်း	(အမျိုးသား)	(၅)ဦး
၅။ ညစောင့်	(အမျိုးသား)	(၅)ဦး

အမှတ်စဉ် (၁)အတွက် အသက် (၃၅)နှစ်မှ (၅၀)နှစ်အတွင်းဖြစ်ရမည်။ ဂိုဒေါင်ပစ္စည်း ထိန်းသိမ်းမှု၊ ဝန်ဆောင်မှု၊ အထွေထွေဝန်ထမ်းများအား ထိန်းသိမ်းမှုကို နားလည်တတ်ကျွမ်းသူဖြစ်ရမည်။
အမှတ်စဉ် (၂)အတွက် အသက် (၁၈)နှစ်မှ (၂၅)နှစ်အတွင်း၊ အိမ်ထောင်မရှိသူ၊ သွက်လက်ချက်ချာပြီး လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။
အမှတ်စဉ် (၃)အတွက် ယာဉ်မောင်းသက်တမ်းအနည်းဆုံး (၃)နှစ်ရှိပြီး အသက် (၂၅)နှစ်မှ (၄၀)နှစ်အတွင်း၊ အာမခံစပေါ်ငွေ (၅၀၀၀၀)ကျပ် တင်သွင်းနိုင်သူ၊ နယ်ဝေးမောင်းနှင်နိုင်သူဖြစ်ရမည်။
အမှတ်စဉ် (၄)အတွက် အသက် (၁၈)နှစ်မှ (၂၅)နှစ်အတွင်း ဖြစ်ရမည်။ ကုန်တင်၊ ကုန်ချ၊ ကုန်ပို့လုပ်ငန်းများ အတွေ့အကြုံရှိသူဖြစ်ရမည်။
အမှတ်စဉ် (၅)အတွက် အသက် (၄၀)နှစ်မှ (၅၅)နှစ်အတွင်း၊ ကျန်းမာသန်စွမ်းသူဖြစ်ရမည်။
အမှတ်စဉ် (၁)မှ (၅)အထိ လျှောက်ထားသူများအားလုံးသည် ကုမ္ပဏီတွင် အနည်းဆုံး (၆)လသက်တမ်း တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
လျှောက်ထားသူများသည် မျှော်မှန်းလစာဖော်ပြ၍ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အမျိုးသားမှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဓာတ်ပုံ(၂)ပုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်များနှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လျှောက်ထားနိုင်သည်။

ဆက်သွယ်ရန် ။ **။ဝင်းဘက်ထရီနှင့် တာယာရောင်းဝယ်ရေး အမှတ်(၂၃၅)၊အလယ်ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ (တော်ဝင်နှင်းဆီခြံအနီး)**

အောင်ချမ်းမြေ့
ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း

အမှတ်-၁၆၊ တတိယလွှာ(ပွင့်ရွှေလင်းတာယာနှင့် အလှိုင်းဝိုး ရောင်းဝယ်ရေးဆိုင် အပေါ်ဆုံးထပ်)
ဗိုလ်မိုးလမ်း၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၅၃၄၇၃၃၊ ၅၃၄၈၈၃
Open (AM-7:00 to PM-9:00) ပိတ်ရက်မရှိပါ။

ပြည်တွင်း၊ ပြည်ပအတွေ့အကြုံရှိ ဝါရင့် နာမည်ကြီး ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ ဆရာဝန်များ၊ သူနာပြုအုပ် (အငြိမ်းစား)များ ဦးစီး၍ နားလည်တတ်မြောက်အောင် အင်္ဂလိပ် - မြန်မာနှစ်ဘာသာဖြင့် စာတွေ့၊ လက်တွေ့ သရုပ်ပြ သင်ကြားပေးသည်။ နိုင်ငံခြားဆေးပစ္စည်းဆိုင် ဖွင့်နိုင်ရန် အဓိကသင်ကြားပေးသည်။ ကျွမ်းကျင်သောသူနာပြုအကူဖြစ်အောင်သင်ပေးသည်။ ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်ရရှိရေး ကူညီမည်။ သင်တန်းဆင်းအောင်လက်မှတ်ထုတ်ပေးသည်။ သန့်ရှင်းသော သင်တန်းခန်းများတွင် တစ်ယောက်ထိုင်ခုံဖြင့် သင်ကြားသည်။ ဘော်ဒါဆောင်ရှိသည်။ လူဦးရေကန့်သတ်ထားသဖြင့် ကြိုတင် စာရင်းသွင်းထားပါ။

စာရွက်စာတမ်း+ လက်တွေ့အပြီးအစီး { ပ-အရစ်၁၅၀၀၀ိ/- ဒု-အရစ်၁၀၀၀၀ိ/- တ-အရစ်၁၀၀၀၀ိ/- } ၃၅၀၀၀ိ/- **တစ်ကြိမ်အပြီး- ၃၂၀၀၀ိ/-**

❖ **(၁)လပြတ်အထူးသင်တန်း**

အပတ်စဉ်(၅၂၆) ၂၀-၈-၂၀၀၈ စမည်။ တနင်္လာနေ့မှ သောကြာနေ့အထိ
Section(1) 08:00AM to 11:00 AM (16)ဦး
Section(2) 09:00AM to 12:00 PM (16)ဦး
Section(3) 01:30PM to 04:30 PM (16)ဦး

❖ **(၂)လပြတ်အထူးသင်တန်းများ**

အပတ်စဉ်(၅၂၇) ၂၁-၈-၂၀၀၈ စမည်။ ကြာသပတေးနှင့် သောကြာ
အပတ်စဉ်(၅၂၈) ၂၃-၈-၂၀၀၈ စမည်။ စနေနှင့် တနင်္ဂနွေ
အပတ်စဉ်(၅၂၉) ၂၅-၈-၂၀၀၈ စမည်။ တနင်္လာ နှင့် အင်္ဂါ
Section(1) 09:00AM to 12:30 PM (16)ဦး
Section(2) 01:30PM to 04:30PM (16)ဦး

❖ **(၃)လပြတ် အထူးသင်တန်းများ**

အပတ်စဉ်(၅၃၀) ၂၃-၈-၂၀၀၈ စမည်။ စနေနေ့တစ်ရက်တည်းသာ။
အပတ်စဉ်(၅၃၁) ၂၄-၈-၂၀၀၈ စမည်။ တနင်္ဂနွေ တစ်ရက်တည်းသာ။
Section(1) 08:00AM to 12:30PM (16)ဦး
Section(2) 01:30PM to 05:30PM (16)ဦး

❖ **(၂)ပတ်အပြီး ဂွတ်ရှယ်အထူးသင်တန်း**

အပတ်စဉ်(၅၃၂) ၂၅-၈-၂၀၀၈ စမည်။ တနင်္လာမှ သောကြာအထိ
09:00AM to 04:30PM (16)ဦး

❖ **(၁)လပြတ်(ညပိုင်းအထူးသင်တန်း)**

အပတ်စဉ်(၅၃၃) ၂၅-၈-၂၀၀၈ စမည်။ တနင်္လာနေ့မှ သောကြာ(နေ့စဉ်)
Section(1) 05:00PM to 07:00PM (16)ဦး
Section(2) 06:00PM to 08:00PM (16)ဦး

Arbourfield
၁၆၂-လမ်း(၅၀) အထက် ဘလောက်၊ပုဇွန်တောင်
ဖုန်း 201325 ,0986 45716,291202

ပြည်ပ လုပ်ငန်း ခွင်ဝင် မည့် သူ များ အတွက်
PIPE FABRICATORS ------- သင် တန်း
PIPE FITTERS ------------ သင် တန်း
WELDER TIG ------------ သင် တန်း
အ ပတ် စဉ် တ န လ်ာ နေ့တိုင်း လက် ခံ သည် ။

Central Link

အလုပ်နဲ့ပဲသွားသွား၊ အလည်ပဲဆိုဆို၊ စီးပွားရေးပဲလုပ်လုပ်၊ ဆွေးနွေးပွဲပဲတက်တက်
ဒီနိုင်ငံတွေကိုသွားရင် ဒီစကားလေးတော့ပြောတတ်မှ
အင်္ဂလိပ်၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ မလေးရှား
စကားပြောနှင့် လုပ်ငန်းခွင် လေ့ကျင့်သင်တန်းများ
တန်း၌သစ်များ စပြီ
၁၀၆၊ ဦးချစ်မောင်လမ်း၊ (မင်းလမ်းနှင့်ရေချမ်းကျွမ်းတိုင်ကြား၊ ရန်ကင်းစင်တာအနီး)
ဖုန်း-၅၅၅၉၀၃၊၀၉-၅၀၄၂၈၀၅၊၀၉-၅၁၈၈၉၈၇

SOFA ပြုပြင်သည်။

လူကြီးမင်းတို့၏ အိမ်ခန်း၊ ရုံးခန်း၊ လုပ်ငန်း (Hotel, KTV, Beauty Salon, Restaurant, Coffee Shop, Cinema Chair) တို့တွင် အသုံးပြုလျက်ရှိသော ပြည်တွင်းဖြစ်၊ နိုင်ငံခြားဖြစ် Sofa Furniture များကို အထူးပြုပြင်ပေးပါသည်။
★ နိုင်ငံခြားဖြစ်ညှိခန်းသုံး Sofa များအား အထူးပြုပြင်ပေးပါသည်။
Tel : 01-594221, 09-5040995

သန်လျင်ဂေါက်ကလပ်၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဩဂုတ် ၁၃

ဦးဇော်လင်းထွန်းသည် သန်လျင်ဂေါက်ကလပ်၌ ဩဂုတ် ၉ရက် ညနေ ၄ နာရီခွဲတွင် ဂေါက်သီးရိုက်ကစားစဉ် ကျင်း အမှတ် (၁၇) သို့ ၁၀၁ ကိုက်အကွာမှ NIKE No-3 ဘောလုံး အား Cleve Land Iron No-9 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ထိုအချိန်တွင် ကစားဖော်များဖြစ်ကြသော ဦးမောင်မြင့် (အေးမိသားစုရွှေဆိုင်)၊ ဦးငြိမ်းအောင်၊ ဦးမျိုးမြင့်တို့နှင့်အတူ ကစားခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

★ မူကြို (၂-၆နှစ်အတွင်း)
★ စနေ-တနင်္ဂနွေတန်းခွဲ (၂-၁၄ နှစ်အတွင်း)
ကျောင်းခွဲသစ်ဖြစ်သော 23(A) ကမ္ဘာအေးဘုရားလမ်း ဗဟန်းတွင် လာရောက်ကြည့်ရှု လည်ပတ်ရင်း ကလေးများအတွက် ထူးထူးခြားခြားလတ်ဆောင်များကို ရရှိနိုင်ပါပြီ။

ပုဇွန်တောင်	စမ်းချောင်း	ပုလဲထွန်းပိုး	ဗဟန်း
၅၅ အနော်ရထာလမ်း(ဒု၂၂လမ်းထောင့်)	ရှုခင်း ပြည့်လမ်း	F-7 (ပထမထပ်) ပုလဲထွန်းပိုး	23(A) ကမ္ဘာအေးဘုရားလမ်း
296552 293754	526456 701165	545957 557448(849)	542357 725788

ငွေပိုရင်ဝယ်ထားရမည့်မြေကွက်

ဗဟန်းမြို့နယ်၊ တာမွေမီးပွိုင့်ထိပ်၊ ငါးထပ်ကြီးဘုရားလမ်း၊ သဘော်ဆေးစက်ရုံအနီး၊ ရေမီး၊ဖုန်း၊ ပါဝါမီတာနှင့်သီးပင်စားပင်များပါဝင်သော ၉၀' × ၂၂၀' အကျယ်ရှိဘိုးဘွားပိုင်မြေကွက်ကို တစ်စတုရန်းပေလျှင် ၂၄၀၀၀ကျပ် နှုန်းငွေပေါ် လျှော့ဈေးဖြင့်ရောင်းမည်။ အရှုပ်အရှင်းမရှိ၊ ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်။ ဖုန်း - ၀၉၅၀၀၀၃၀၅၊ ၅၇၉၁၉၁

ASIA MASTERS
HOTEL SERVICES ACADEMY

သင်တန်းသားများခေါ်ယူခြင်း
ဟိုတယ်ဝန်ဆောင်မှုသင်တန်းအပတ်စဉ် (၃/၂၀၀၈)
မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ဟိုတယ်ဇုန်)
မှ ချီးမြှင့်မည့် နိုင်ငံတကာဟိုတယ်ဝန်ဆောင်မှုအခြေခံ Certificate သင်တန်းများကို ASIA MASTERS, Hotel Services Academy မှ အောက်ပါအစီအစဉ်အတိုင်း ဖွင့်လှစ်ရန်ရှိပါသဖြင့် စိတ်ပါဝင်စားသူများ၊ အသက်မွေးဝမ်းကြောင်း အဖြစ်သင်ယူလိုသူများ တက်ရောက်နိုင်ပါရန် အကြောင်းကြားအပ်ပါသည်။

သင်တန်းများ	Front Office (စည်ကြို), F & B (Service) (စားပွဲထိုး), F & B (Production) (စားဖိုမှူးအကူ), Housekeeping (အိပ်ခန်းဆောင်ထိန်းသိမ်းခြင်း)
အသက်	၁၈နှစ်နှင့်အထက်(ကျား/မ မရွေး)
ပညာအရည်အချင်း	မလိုပါ။ (စည်ကြိုလျှောက်ထားသူများ အင်္ဂလိပ်စကားပြောနိုင်ရမည်၊ အရပ်မြင့်ရမည်၊ ရုပ်ရည်သန့်ပြန့်ချောမောသူဖြစ်ရမည်။)
သင်တန်းကာလ	၂လ
သင်ရိုးညွှန်းတမ်း	ASEAN နိုင်ငံများ၊ UAE နှင့် QATAR နိုင်ငံတို့မှ အသိအမှတ်ပြုထားသည့် သင်ရိုးညွှန်းတမ်းကို အသုံးပြုသည်။ စာတွေ့ Academicနှင့် လက်တွေ့ Trainingများ ထိရောက်စွာ သင်ကြားပေးသည်။ အင်္ဂလိပ်စကားပြောနှင့် အင်တာဗျူးသင်တန်းပါ ထည့်သွင်းပေးထားသည်။
ယူနီဖောင်း	ယူနီဖောင်းတစ်စုံထုတ်ပေးသည်။
လုပ်ငန်းခွင်သင်တန်း	Asia Plaza ဟိုတယ်ကြီးတွင် သက်ဆိုင်ရာသင်တန်းအလိုက် လက်တွေ့ဆင်းရမည်၊ လုပ်ငန်းအတွေ့အကြုံထောက်ခံစာ (Recommendation Letter) ရမည်။
အလုပ်အကိုင်	ပြည်တွင်း/ပြည်ပဟိုတယ်ကြီးများ၏ အလုပ်အကိုင်အခွင့်အလမ်းများ
သင်တန်းသားဦးရေ	သင်တန်းတစ်မျိုးလျှင်သင်တန်းသားဦးရေ (၃၀)။

သင်တန်းဖွင့်မည့်ရက် ၂၀၀၈ ခုနှစ် ဩဂုတ်လ ၁၈ ရက်။
ကျောင်းအပ်လက်ခံပြီ။
၂၇၇၊ Asia Plaza Hotel၊ (မြေညီထပ်) ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။
☎ 379311, 391378 - Ext:715

ရတနာမဥ္ဇူမမ္မရိပ်သာ လစဉ်တရားစခန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၃

ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်ဇေယျာနန္ဒ(ပုဂံ)ကကြီးမှူး၍ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်း (၁) ရပ်ကွက် (၂)လမ်းရှိ ရတနာမဥ္ဇူမမ္မရိပ်သာ၌ လယ်တီမူ အနာဂါမ်ဆရာသက်ကြီး နည်းဖြင့် မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးသန်း (ဒလ-ပျော်ဘွယ်ကြီး) ဦးဆောင်ကာ လစဉ် လပြည့်ကျော် ၈ ရက်တိုင်း ခုနစ်ရက် တရားစခန်းကို ဖွင့်လှစ်လျက်ရှိရာ ယခု ဝါခေါင်လပြည့်ကျော် ၈ ရက် (ဩဂုတ် ၂၄ ရက်) မှ တော်သလင်းလဆန်း ၁ ရက် (ဩဂုတ် ၃၁ရက်)အထိ တရားစခန်းဖွင့်လှစ်မည်ဖြစ်ရာ စခန်းဝင်လိုသူများသည် နိုင်ငံသားစိစစ်ရေးကတ် ယူဆောင်၍ ဖွင့်လှစ်မည့်ရက် နံနက် ၇နာရီ အရောက် လာရောက်ကြပါရန်နှင့် သိရှိလိုသည်များကို ဖုန်း-၆၆၃၈၀၂ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

အေးရိပ် ပန်းချီပြပွဲပြသမည်

ရန်ကုန် ဩဂုတ် ၁၃

အင်းစိန်မြို့နယ် ရိုးရာပန်းပညာရှင်များဖြစ်ကြသောမြလွင် (ခ) မြတင်၊ မောင်မောင်တိုး၊ မောင်ကျော်ခေါင်၊ ကိုကိုမောင်၊ သောင်းလင်း၊ ထွန်းရွှေ၊ စံဆန်း၊ ဇေဇေ၊ ဝင်းခိုင်၊ နာဂသုန္ဒြ၊ ဟန်တင်ရွှေ၊ ဉာဏ်ကျယ်၊ အောင်ကျော်ဝေ၊ တြိဂံထွန်းနိုင်၊ စိုးလွင်ဦး ရေးဆွဲသော အေးရိပ် အမည်ရှိ ပန်းချီပြပွဲကို မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို) ပြခန်း၌ ဩဂုတ် ၁၄ ရက်မှ ၂၃ ရက် အထိ (တနင်္လာ ဈေးပိတ်ရက်မှ အပ) နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသထားမည်ဖြစ်ရာ မည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်းသတင်းရရှိသည်။

(၅၄၆)

ဥတုရာသီ တောကို မှီ၏

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

✳ ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက်ရှိကြသည်။

✳ လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ယနေ့ ဆောင်းပါးအညွှန်း

"သမဂ္ဂါနံ တပေါ သုခေါ"ဆိုတဲ့ ဗုဒ္ဓမြတ်စွာဘုရားရဲ့ ဩဝါဒဒေသနာတော်နဲ့အညီ မြန်မာအမျိုးကောင်းသား၊ အမျိုးကောင်းသမီးအားလုံး ညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင်နဲ့ ကောင်းမြတ်တဲ့ပြဟ္မစိုရ်ကျင့်စဉ်တွေကို ကျင့်သုံးရင်း ချမ်းသာသုခအဝဝနဲ့ ပြည့်စုံတဲ့ နိုင်ငံတော်သစ်ကြီးကို ထူထောင်ကြပါစို့။

စည်သူအောင်၏ "သမဂ္ဂါနံ တပေါ သုခေါ"
(ဆောင်းပါး) စာမျက်နှာ-၈၉

"သာကေတစက်မှုဇုန်မှ သွင်းကုန်အစားထိုး ထုတ်ကုန်ပစ္စည်းများ"
ရဲမောင်၏(သတင်းဆောင်းပါး) စာမျက်နှာ-၄

သဘာဝဝန်းကျင်နှင့် သဟဇာတဖြစ်သော အိုလံပစ် ကျေးရွာဆု ပေကျင်း အိုလံပစ်ကျေးရွာရရှိ

ပေကျင်း ဩဂုတ် ၁၃

သဘာဝဝန်းကျင်နှင့် သဟဇာတဖြစ်သော အိုလံပစ်ကျေးရွာ ရွှေတံဆိပ်ဆုကို အမေရိကန် အစိမ်းရောင်အဆောက်အအုံ သဘာဝကောင်စီက ဗုဒ္ဓဟူးနေ့တွင် ချီးမြှင့်ရာ ပေကျင်းအိုလံပစ်ကျေးရွာ အကြီးအကဲ ချန်ဇီလီက ရယူသည်။

ချန်ဇီလီသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့အမျိုးသားကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ တာဝန်အပြင် (၂၉)ကြိမ်မြောက် ပေကျင်း အိုလံပစ်ပွဲတော် ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ တာဝန်ကိုလည်းယူထားသူဖြစ်သည်။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့✳**

သဘာဝဝန်းကျင်နှင့် သဟဇာတဖြစ်သော အိုလံပစ် ကျေးရွာ ရွှေတံဆိပ်ဆုကို အမေရိကန် အစိမ်းရောင်အဆောက်အအုံ သဘာဝကောင်စီမှ ဘဏ္ဍာရေးမှူး ဟင်နရီပေါလ်ဆင်က ချီးမြှင့်ရာ ပေကျင်း အိုလံပစ်ကျေးရွာ အကြီးအကဲ ချန်ဇီလီ ရယူစဉ်။

အန္တရာယ်ရှိသော အာဖရိကခရုကြီးများ တရုတ်တောင်ပိုင်း မြို့တစ်မြို့၌ တွေ့ရှိ

ပေကျင်း ဩဂုတ် ၁၃

ကလေးလက်သီးဆုပ်ပမာဏခန့်ရှိ အာဖရိကခရုကြီးများကို တရုတ်နိုင်ငံတောင်ပိုင်း ဖူကျန်ပြည်နယ် ဖူကျိုးမြို့ လမ်းတစ်ခုတွင် ဩဂုတ် ၁၂ ရက်က တွေ့ရှိရကြောင်း ဒေသဆိုင်ရာသတင်းစာတစ်စောင်တွင် ဖော်ပြထားသည်။ **(ယာပုံ)**

အဆိုပါ ခရုကြီးများသည် ၁၉၃၀ပြည့်လွန်နှစ်များ အတွင်းကပင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရေကြောင်းမှ တင်သွင်းသည့် ကုန်စည်များနှင့်အတူ ပါလာခဲ့ခြင်းဖြစ်ဖွယ်ရှိကြောင်း သဘာဝပတ်ဝန်းကျင်သုတေသီများက ရှင်းလင်းပြောကြားသည်။

၎င်းခရုကြီးများသည် ဟင်းသီးဟင်းရွက်နှင့်သစ်သီးများကို အမြောက်အမြား စားသောက်နိုင်ကြပြီး ဒေသ၏ စိုက်ပျိုးကုန်ထုတ်လုပ်မှုကိုလည်း ဖျက်ဆီးနိုင်ကြသည်။ ထို့အပြင် ၎င်းတို့၏ကိုယ်ပေါ်တွင် ပါရှိလာသော

ရောဂါဖြစ်ပွားစေနိုင်သည့် ဘက်တီးရီးယားများနှင့် ကပ်ပါးပိုးများကြောင့် အဆုတ်ရောဂါနှင့် ဦးနှောက်အမြှေးရောင်ရောဂါတို့ ကူးစက်နိုင်ဖွယ်ရှိရာ အဆိုပါခရုကြီးများအား သုတ်သင်ရှင်းလင်းပစ်ရန် ကျွမ်းကျင်သူများက သတိပေးပြောကြားသည်။ ***ဆင်ဟွာ။***